
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၂၈၀၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၀၀၃၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ် ၂၀၀၉၊ မေလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက်၊ တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၀/ရရ၊ ၅၃လမ်း ဗိုလ်တထောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော်ပန်းချီ | - | အောက်တိုဘာအောင်ကြီး |
| ဖြန့်ချေး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

ဘညိုကြီး

ကိုကိုသရဲမဟုတ်ဘူး / ဘညိုကြီး ။ - ရန်ကုန် ၊
ရွှေဥစာပေ ၊ ၂၀၀၉ ။

၁၈၅ - စာ ၊ ၁၇. ၅ × ၁၂. ၂ စင်တီ။

(၁) ကိုကိုသရဲမဟုတ်ဘူး



ဘုရား၊ တရား၊ သံဃာ

အဖေ ဦးသိန်းလွင် + အမေ ဒေါ်အုန်းကြည်၊

ဆရာ ဘဆရာကြီးမင်းသိမ်း

တို့အား

ဤစာအုပ်ဖြင့် ကန်တော့ပါ၏။



ဘညိုကြီး

၂၀၀၈၊ သီတင်းကျွတ်လပြည့်ည

www.burmeseclassic.com

## ဇေဟာန် သဏ္ဍာပဒေခွန်


လေ့ငယ်တစ်စင်းတို့ မည်သည့်ကမ်းမှ လွန်စွာခွာ၍ မသွား ကောင်း။ ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာမှုရှိုင်ခဲ့သည့် ကမ်းကြီးနှင့် အလားသဏ္ဌာန်တူသော ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှားနှင့် ဆရာကြီးမင်းသိခ်တို့၏ ရေးဟန်သားဟန်တို့ကိုသာမက ဇာတ်လမ်း ဇာတ်ကွက်ဆင်ပုံများနှင့် နီးနိုင်သမျှ နီးကပ်အောင် သွေးကူးလျက် ကျွန်ုပ်၏စာများကို ရေးသားရပါသည်ဖြစ်သည့်အတွက် ၄င်းဆရာကြီး သုံးဦးအား ကျွန်ုပ်သည် နဖူးမြေစိုက် ဦးခိုက် ပူဇော်ပြီးဖြစ်၏တည်း။

ဤမှန်ကန်သောသစ္စာစကားကြောင့် ၄င်းဆရာကြီးတို့၏စာများ အစွန့်ရှည်စွာတည်ရှိသကဲ့သို့ ကျွန်ုပ်၏စာများသည်လည်း တည်တံ့ပါ စေသော် . . .

လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေသော်

အသိဖြိုး
၂၀၀၈၊ သီတင်းကျွတ်
လပြည့်ည

ရွှေပဒေသာ၊စာပေ



www.burmeseclassic.com

www.burmeseclassic.com

# ကိသာဂေါတမီ

ရာဇဂြိုဟ်ပြည်၌ ကိသာဂေါတမီအမည်ရှိသောအမျိုးသမီးတစ်ဦးသည် သူလွန်စွာမှချစ်မြတ်နိုးသည့် တစ်ဦးတည်းသော သားကလေး သေဆုံးရသည့်အတွက် သောကရောက်၍ သားသေကိုပိုက်ပြီးလျှင် တစ်မြို့လုံးလှည့်ပတ်





ကာ သားတော်မောင် ပြန်ရှင်လာအောင် ဆေးကုခိုင်းလေ၏။

"ကျွန်မသားလေးကို အသက်ပြန်ရှင်လာအောင် လုပ်ပေးကြပါရှင်"

ဟုဆိုကာ ငိုယိုမြည်တမ်းလျှက် အရူးမကြီးတစ်ပိုင်းဖြစ်ကာ တစ်မြို့လုံးလှည့်ပတ်သွားလာနေရရှာ၏။

ထိုအခါ ပညာရှိတစ်ယောက်က. . .

"သင့်သားကို အသက်ပြန်ရှင်လာအောင် ကုသနိုင်သော ဆေးဆရာက ဇေတဝန်ကျောင်းတော်မှာရှိတယ်၊ အဲဒီကိုသွားပါ။ ကလေးမ. . ."

– တု ကိသာဂေါတမီအား ပညာရှိပုဂ္ဂိုလ်က ပရိယာယ်သုံးကာ မြတ်စွာဘုရားထံသို့လွှတ်လိုက်လေတော့၏။

ကိသာဂေါတမီလည်း ထိုစကားကြားရ၍ မျက်ရည်များကို သုတ်ကာ၊ ပညာရှိအား. . .

"ကျေးဇူးတင်ပါတယ်"

ဟုပြောကာ သားသေကိုပိုက်လျှက် ဇေတဝန်ကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



သို့ ခပ်သုတ်သုတ်သွားရရှာလေတော့၏။

ဇေတဝန်ကျောင်းတော်သို့ရောက်သည့်အခါ မြတ်စွာဘုရားအား တွေ့လိုက်ရသည်နှင့်. . .

"သားလေးအသက်ပြန်ရှင်လာအောင် ကုပေးပါ. . . အရှင်ဘုရား"

ဟု ကိသာဂေါတမီက ငိုယိုမြည်တာ လျှောက်ထားလိုက်လေတော့၏။

ထိုအခါ မြတ်စွာဘုရားက ကိသာဂေါတမီအား တစ်ချက်ကြည့်ရှုတော်မူလိုက်ပြီးနောက်. . .

"ကုသပေးမယ်. . . ချစ်သမီး။ ဒါပေမဲ့ ဆေးဖော်ဖို့အတွက် မုန်းညင်းစေ့လက်တစ်ဆုပ်ကို လူမသေသောအိမ်မှ သွားတောင်းပါ။ အခုပင် မြို့ထဲသွားပေတော့"

ဟုပြောလိုက်လေ၏။

ကိသာဂေါတမီလည်း သားသေကိုပိုက်ကာ လူမသေဖူးသောအိမ်တွေကိုလိုက်မေးရာ၊ ထိုအိမ်ကလည်း 'လူသေဖူးသည်၊ ဤ





အိမ်ကလည်း သေဖူးသည်' ဟူသောအဖြေကိုသာ ရရှိလေ၏။

ရာဇဂြိုဟ်ပြည်တစ်မြို့လုံး အိမ်ပေါက်စေ့ ရောက်ခဲ့ပြီ။ လူမသေဖူးသောအိမ်ဟူ၍မတွေ့ချေ။ ထို့နောက် ကိသာဂေါတမီမှာ ဖတ်ဖတ်မောရလေတော့၏။

သို့သော် လူမသေဖူးသောအိမ်ကိုလိုက်၍မေးရင်းက ကိသာဂေါတမီ၏စိတ်ထဲ၌ တဖြည်းဖြည်းချင်း အသိဉာဏ်တစ်ခုက ဝင်ရောက်လာလေ၏။

"ငါ့ရဲ့သားတစ်ဦးတည်းသာ သေသည်မဟုတ်၊ အခြားလူတွေလည်း သေကြတာပါပဲ။ သေခြင်းတရားဟာ လူတိုင်းမလွန်ဆန်နိုင်သော သဘာဝတရားပဲ။ လူဆိုတာ သေမျိုးတွေပါလား"

ဟုဆိုကာ တွေးတောဆင်ခြင်မိကာ အသိစိတ်ဝင်ရောက်လာပြီးနောက် ၎င်း၏ရင်ခွင်ဖြင့် ပိုက်ထွေးထားသော သားလေး၏အလောင်းကို သင့်ရာသင်္ချိုင်းတွင် မြေမြှုပ်လိုက်လေတော့၏။

ထို့နောက် မြတ်စွာဘုရားထံသို့ပြန်သွားလေတော့၏။

မြတ်စွာဘုရားသည် မဟာကရုဏာမေတ္တာတော်မြတ် စေ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်၍ ကီသာဂေါတမီ၏အပူမီးကိုငြိမ်းစေလျက် အေးမြကြည်လင်သောတရားဓမ္မကို ဟောကြားတော်မူလိုက်သောအခါ ပါရမီဓာတ်ခံ ရင့်သန်သူကလေးဖြစ်၍ တရားထူးတရားမြတ်ရရှိပြီး ရဟန္တာထေရီမတစ်ပါးဖြစ်သွားလေတော့သတည်း။

❀❀ ❀❀ ❀❀





www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်နာမည်နှင့် စာအိတ်တစ်အိတ်

**အခု** . . ရေးသားရမည့် အကြောင်းလေးက တစ်စုံတစ်ယောက်၏ကိုယ်တွေ့ဖြစ်ရပ်ဇာတ်လမ်းလေးတစ်ခုဖြစ်လေ၏။ ထိုဇာတ်လမ်းလေးကိုပြောပြသူမှာ ပြည်မြို့က ကျွန်ုပ်၏ စာဖတ်သူ တစ်ဦးက ကျွန်ုပ်ထံသို့ရေးသား





ပေးပို့လိုက်ခြင်းဖြစ်၏။

တစ်နေ့သ၌ ကျွန်ုပ်၏နာမည်ဖြင့် အမှတ် (      ) ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ရွှေပဒေသာစာပေတိုက်သို့ စာတိုက်မှ တစ်ဆင့် လွန်စွာမှ ထူလျှက်ရှိသော ပါကင်ပိတ်စာအိတ်တစ်ခု ရောက်ရှိလာလေ၏။

ကျွန်ုပ်သည် ရွှေပဒေသာစာပေတိုက်သို့ ရောက်ရှိသွားသည့် အခါ ထုတ်ဝေသူဦးအေးလွင်က ကျွန်ုပ်အား . .

"ဗျို့ဆရာသမား . . . ခင်ဗျားအတွက် စာအိတ်တစ်အိတ် ရောက်နေတယ်"

ဟုဆိုကာ အထက်ကပြောသည့် လွန်စွာမှ ထူလျှက်ရှိသော စာအိတ်တစ်လုံးကို ကျွန်ုပ်အားပေးလေတော့၏။ ထို့နောက် ကျွန်ုပ် နှင့် ဦးအေးလွင်တို့သည် စာမူကိစ္စများဆွေးနွေးကြ၏။

ထုတ်လုပ်သူ ဦးအေးလွင်သည် ဒီကနေ့ စာပေလောက၏ စာပေဖြန့်ချိရေးအကြောင်းများ၊ စာပေဖြန့်ချိရေးများ၏ လူလည် ကျပုံများကို စိတ်မချမ်းမြေ့စွာပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ၄င်းထံမှ ရစရာရှိသော စာမူခများကိုယူကာ ကျွန်ုပ်နေထိုင်ရာ သန်လျင်မြို့အစွန်တွင်ရှိ လက်ယက်စမ်းကျေးရွာ၊ ဘုရားငါးဆူသို့ ပြန်လာခဲ့ရလေတော့၏။

ကျွန်ုပ် သန်လျင်နေအိမ်သို့ပြန်ရောက်သည့်အခါ ရေးလက်စ ဝတ္ထုတစ်အုပ်အတွက် ရေးသားရသဖြင့် ဦးအေးလွင်ထံမှ ယူလာသော စာအိတ်အထုပ်ကြီးကို ဖောက်၍ပင် မဖတ်အားသေးသဖြင့် ကျွန်ုပ်၏အိမ်တွင် မြောက်မြားစွာ ပုံလျှက်ထားသော စာအုပ်ပုံပေါ်သို့ ပစ်၍တင်ထားလိုက်ရလေ၏။

ကျွန်ုပ်မှာလည်း ဆက်လက်ပြီး ဝတ္ထုတစ်အုပ်ကို ဆက်လက်ရေးသားရာ တစ်လအချိန်အထိ ကြာသွားလေတော့၏။

❀❀ ❀❀ ❀❀





www.burmeseclassic.com

www.burmeseclassic.com

## အမျိုးအမည်မသိ ဝေဒနာ

**တစ်**နေ့သည် ကျွန်ုပ်သည် ယာဘ်မိုးဇွေစာပေတိုက်မှ ထုတ်ဝေသော ရောင်ပြန်မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ်ရေးရန် စာအုပ်တစ်အုပ်ကိုရှာဖွေရာ ကျွန်ုပ်၌ တောင်ပုံရာပုံ ပုံထားလျှက်ရှိသော စာအုပ်ပုံအတွင်း





မှာရှာဖွေရင်း လွန်စွာမှထူလျှက်ရှိသော အညိုရောင်စာအိတ်တစ်လုံးကိုတွေ့လိုက်ရသဖြင့် စာအိတ်ပေါ်မှစာကို ဖတ်ကြည့်လိုက်ရာ . .

သို့ . . .

**စာရေးဆရာ ဘညိုကြီး**

ဟူ၍ဖြစ်လို့နေလေ၏။

ထိုအညိုရောင်စာအိတ်အထူကြီးမှာ အထက်က ကျွန်ုပ်၏ အမည်ဖြင့် ရွှေပဒေသာစာပေတိုက်သို့ ရောက်ရှိလာသောစာအိတ်ဖြစ်၏။

"အတော်ထူတာပဲ။ အထဲမှာ ဘာတွေလဲမသိဘူး"

ဟုဆိုကာ ထိုစာအိတ်ကိုဖောက်လိုက်လေ၏။ ထိုစာအိတ်အတွင်းမှ စာလေးတစ်စောင်ထွက်လာ၏။ ထိုစာလေးကို ဦးစွာဖတ်ရှုလိုက်ရာ . .



www.burmeseclassic.com

www.burmeseclassic.com



သို့

ဆရာဘညိုကြီးရှင့်

ကျွန်မဟာ ဆရာဘညိုကြီးရဲ့ စာဖတ်ပရိတ်သတ်တစ်ဦးဖြစ်ပါတယ်။

အခု ကျွန်မဟာ ဆရာဘညိုကြီးကို ဇာတ်လမ်းလေးတစ်ခု ရေးသားပေးပို့လိုက်ပါတယ်။ အဲဒီဇာတ်လမ်းလေးဟာ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းလေးဖြစ်ပါတယ်။

အခု ဆရာဘညိုကြီးထံကိုပေးပို့သည့်ဇာတ်လမ်းလေးကို ကျွန်မရေးတတ်သလိုရေးပြီး ပေးပို့လိုက်ပါတယ်။ ဆရာဘညိုကြီးဖတ်ပြီးလိုအပ်သလိုပြုပြင်နိုင်ပါတယ်။

ဇာတ်လမ်းကတော့ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းလေးဆိုတာကို ထပ်ပြီးပြောချင်ပါတယ်။ ဘာကြောင့်ထပ်ပြောရတာလဲဆိုတာ အကြောင်းရှိပါတယ်။

ဒါကတော့ နာမည်တွေကိစ္စပါ။ အဲဒီအတွက် တစ်စုံတစ်ရာထိခိုက်နစ်နာမှုတွေမရှိအောင် ဆရာဘညိုကြီးကပဲ ကြိုက်တဲ့နာမည်များ ဖြည့်





စွက်ပေးပါ။

လေးစားစွာဖြင့်

ဝင့်ဝင့်မိုး (ပြည်မြို့)

ဟူ၍ဖြစ်လေ၏။

ကျွန်ုပ်လည်း အထက်ကစာကိုဖတ်လိုက်ပြီးနောက် လျှောက်လွှာစာရွက်ဖြင့် ရေးသားထားသောစာများကို ဖတ်ရှုမိလေတော့၏။

ကျွန်ုပ်သည် အချိန်အတော်ကြာအောင် ဖတ်ရှုပြီးသောအခါ ကျွန်ုပ်၏ဇနီးက. . .

"ကိုရေ. . . ထမင်းစားရအောင်"

ဟုပြောလိုက်သဖြင့် ကျွန်ုပ်နေ့လယ်စာ စားရပြန်၏။ ကျွန်ုပ်ထမင်းစားနေသော်လည်း အာရုံထဲတွင် ပြည်မြို့ကပေးပို့လိုက်သည့် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းထဲသို့ စီးမျောဝင်လို့နေသဖြင့် ထမင်းကို ကောင်းစွာမစားနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . , ကို, တော်ပြီလား။ ထမင်းစားလို့ မကောင်းဘူးလား"

ဟု ဇနီးသည်က ကျွန်ုပ်အား မေးလိုက်လေ၏။

"ကောင်းပါတယ်ကွာ။ ကိုယ် ဗိုက်သိပ်မဆာသေးလို့ပါ"

ဟု လက်ဆေး၊ လက်သုတ်ရင်း ပြောလိုက်ပြီးနောက် စာကို ဆက်ဖတ်လိုက်လေတော့၏။

ည (၁၁)နာရီထိုးသည့်အခါ လုံးစုံဖတ်ရှု၍ပြီးသွားလေတော့၏။ ထိုစာကိုဖတ်ပြီးနောက် ကျွန်ုပ်၏ရင်ဘတ်သည် တလှပ်လှပ်ခုန်လို့နေလေ၏။ တစ်စုံတစ်ခုကိုခံစားရသလို ခံစားရ၏။ အမျိုးအမည်မသိသောဝေဒနာတွေလည်း ခံစားလိုက်ရလေတော့၏။

ထိုစာမူကိုကိုင်၍ အချိန်အတန် ငေးမောလို့နေလေ၏။ ထိုစာမူကို ပြန်လည်ရေးသားရန်ပင်မလိုချေ။ သို့သော် နေရာဒေသနာမည်များကိုတော့ ပြောင်းလဲထားလိုက်ရ၏။ ထိုစာမူမှာ စာမူအမည်မပါခဲ့သဖြင့် ကျွန်ုပ်မှာ လွယ်လွယ်ကူကူပင် တစ်ဖက်ပါခေါင်းစီးကိုပင် ပေးလိုက်ရလေတော့သတည်း။





# ကိုကိုသရဲမဟုတ်ဘူး

"ကိုကို သရဲမဟုတ်ဘူး" အမည်ရှိ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းသည်လည်း အောက်ပါအတိုင်းပင် ဖြစ်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## မငိုမယ် မိုးသည်းသည်း

"ရွှေ စင်ရယ်. . . တင်းခံမနေပါနဲ့။ ငိုချလိုက်. . . ငိုချလိုက်။ ငိုချပစ်လိုက်ပါ. . . သူငယ်ချင်းရယ်"

ဟု ယဉ်ယဉ်ဆိုသူက ပြောလိုက်လေ၏။

ရွှေစင်မှာ. . . အံကိုကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှ မျက်ရည်တို့သည် ၎င်း၏ပါးပြင်သို့ စီးဆင်းလို့လာလေ၏။

"ဟုတ်ပါတယ်ရွှေစင်ရယ်။ နင် အခုလိုကြိတ်ခံစားနေရမယ့်အတူတူ အားရအောင် အော်ဟစ်ငိုလိုက်ပါ။ ဒါမှ ခံစားနေရတဲ့ဝေဒနာတွေထွက်ပေါက်ဖြစ်ပြီး ရင်ထဲမှာပေါ့သွားမှာပါ"

ဟု ရွှေစင်၏သူငယ်ချင်းဝင့်ဝါဆိုသူက ပြောလိုက်ပြန်၏။

ရွှေစင့်ထံမှ ရှိုက်သံတစ်ခု ညင်သာစွာထွက်လာသည်။ ၎င်းတို့အား တစ်စုံတစ်ရာကို ပြန်လည်ပြောဆိုခြင်းမရှိချေ။ သူမ၏မျက်ရည်ဝဲလျှက်ရှိသောမျက်ဝန်းနှစ်စုံသည် ပြတင်းပေါက်ကိုကျော်လွန်၍ မိုးတိမ်များဆီသို့ရောက်လို့နေ၏။

ရွှေစင့်ရင်ထဲအသည်းထဲ၌ ချက်ချင်းဖြစ်ပေါ်လာသည်ကား ၎င်းကိုယ်တိုင်ပင် မိုးတိမ်များလို လွင့်မြောနေချင်၏။ ထိုအချိန်၌ မိုးတိမ်တို့သည် လွင့်မြောနေသည်ကိုတွေ့လိုက်ရ၏။ ရွှေစင်ငိုချင်လာမိ၏။ ဘယ်လိုငိုရမည်ကို အစအနရှာဖွေလို့မရဖြစ်လို့နေ၏။

အခန်းတံခါးဝတွင်ရပ်လျှက် သမီးရွှေစင်အပြင် ဟို လွန်စွာမှခံစားနိုင်သော မိခင်ဒေါ်စောယုမှာ ၎င်းကိုယ်တိုင်ကပင် မျက်ရည်များစီးကျလာသဖြင့် ၎င်း၏လက်ဖဝါးဖြင့်သုတ်လိုက်လေ၏။





"ရွှေစင်ရယ်. . . နင်ခံစားနေရတာ တို့သိပါတယ်။ နင်အဲဒီလိုကြီးနေတာနဲ့စာရင် ငိုလိုက်ပါ။ ငိုကြွေးလိုက်ပါသူငယ်ချင်းရယ်"

ဟု ယဉ်ယဉ်ကပြောလိုက်သော်လည်း ရွှေစင်မှာမူလအတိုင်းတင်း၍ကြိတ်ခံစားတာ မိုးတိမ်များကိုသာကြည့်မိနေ၏။

"ကဲပါ. . . သူငယ်ချင်းရယ်။ စိတ်ကိုဖြေ (ဖြည်) ချလိုက်ပါ။ စိတ်တင်းထားတော့ နင်ပဲဒုက္ခရောက်မှာ"

ဟု ဝင့်ဝါက ရွှေစင်အား ပခုံးလေးကို ယုယစွာဖက်လိုက်ပြီးပြောလိုက်လေ၏။

ရွှေစင်မှာ တုံ့ပြန်ပြောဆိုခြင်းမရှိ။ ထို့နောက် ယဉ်ယဉ်နှင့်ဝင့်ဝါတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မတိုင်ပင်ထားဘဲ သက်ပြင်းများ ချလို့နေ၏။

၎င်းတို့နှစ်ဦးမှာ သူငယ်ချင်းရွှေစင်၏အဖြစ်ကိုကြည့်ကာ လူမောစိတ်မောနှင့်ပင် ဖြစ်ကြကုန်၏။ ထို့နောက် အခန်းတံခါးဝ



www.burmeseclassic.com

www.burmeseclassic.com



၌ရပ်၍နေသော ရွှေစင့်မိခင်အား ၄င်းတို့နှစ်ဦး ဘယ်လိုမှမတတ်နိုင်တော့ဘူးဟုဆိုသည့်သဘောနှင့် ကြည့်မိပြီးနောက် ဝင့်ဝါသည် ရွှေစင်၏လက်မောင်းလေးကို အသာကိုင်လိုက်ပြီးနောက် ထိုနေရာမှထ၍ထွက်သွားလေ၏။

တစ်ခဏကြာသောအခါ ယဉ်ယဉ်လည်း ရွှေစင်အား စိတ်မသက်သာစွာနှင့်ကြည့်ကာ ဝင့်ဝါနောက်သို့ထ၍လိုက်သွားပြန်၏။

အခန်းထဲ၌ ရွှေစင်တစ်ဦးတည်းသာ ကျန်ရစ်ခဲ့လေတော့၏။

မိခင်ဒေါ်စောယုမှာ ယဉ်ယဉ်နှင့် ဝင့်ဝါအား. . .

"သမီးတို့သူငယ်ချင်းရွှေစင် ထမင်းမစားဘဲနေတာ သုံးရက်လောက်ရှိသွားပြီ"

ဟု ဖုန်းဆက်ခေါ်ကာ ဝင့်ဝါနှင့် ယဉ်ယဉ်တို့မှာ ချက်ချင်းရောက်လာကြခြင်းဖြစ်လေတော့၏။

ဝင့်ဝါနှင့်ယဉ်ယဉ်တို့သည် ရွှေစင့်မိခင်အားတွဲ၍ ဧည့်ခန်းဆီသို့ထွက်လာကြ၏။ ရွှေစင်မှာ မိုးတိမ်များကို ကြည့်ရင်းက မျက်ရည်များစီးဆင်းလာပြီ ရှိုက်သံအချို့ပေါ်ထွက်လာ၏။ ထိုအခါ





ရွှေစင့်၏နှုတ်ဖျားမှ. . .

"မယုံဘူး"

ဟုဆိုသောစကားကိုပြောလိုက်ပြီး ခေါင်းအုံးနှင့်မျက်နှာအပ်ကာ အသံမထွက်ဘဲ ရှိုက်ကြီးတငင်ငင်နှင့် ငိုကြွေးလိုက်လေတော့၏၊

ထိုအချိန်၌ မိုးမှာ စတင်ရွာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## လေနှင့်မိုးနှင့် နှစ်ပါးပြိုင်

**ရွှေ** စင် ဘယ်အတွက် မိုးရေလဲ ပြေးလွှားနေရခြင်းကို ၄င်းကိုယ်တိုင်ပင်.သိရှိပုံမပေါ်ချေ။

မိုးရေထဲ ယီးမပါဘဲ လမ်းလျှောက်ရတာ ရွှေစင် လွန်စွာမှ ပျော်ရွှင်သူဖြစ်သည်။ မိုးရာသီ



www.burmeseclassic.com

www.burmeseclassic.com



ကာလများ ရွှေစင်ဘယ်တော့မှ ထီးကိုင်လေ့, အလေ့အကျင့်မရှိ။ ထီးကိုင်ရမှာ ပျင်းလို့ရယ်လို့မဟုတ်ချေ။ မိုးရွာထဲ လွတ်လပ်စွာ သွားလိုသောစိတ်ကူးကြောင့်ပင်ဖြစ်၏။

ငှင်း၏စိတ်ကူးက ဝတ္ထုဆန်တယ်လို့ သူငယ်ချင်းတွေက ပြောကြသော်လည်း ထိုအပြောကို ကျေကျေနပ်နပ်ကြီးကိုခံယူလိုက်၏။

ထိုသို့ မိုးရေထဲကို ထီးမပါဘဲ လွတ်လပ်စွာသွားနေရင်းက ရွှေစင်၊ မိုးကိုကိုနှင့်သိခဲ့ရပြီးနောက်. . .

မိုးသည် တစ်ဦးတည်းမဟုတ်၊ လေကိုပါ အဖော်ခေါ်လာသည့်အတွက် ရွှေစင်ပြေးလွှားနေသည့် မလှမ်းမကမ်းမှသစ်ပင်ကြီးသည် လေတစ်ချက်အဝှေ့မှာ မြေကြီးပေါ်သို့ 'ဝုန်း'ဆိုသည့်အသံနှင့်အတူ ပြိုကျသွားလေ၏။

ထိုသို့မြင်ရသော်လည်း ရွှေစင် ကြောက်လန့်စရာလို့မထင်။ တစ်ချက်လေးပင်ကြည့်လိုက်ပြီးနောက် မိုးရေထဲမှာ ဆက်လက်ပြေးနေရင်း တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ခြေစုံကိုရပ်၍ ရှေ့နောက်





တောင်မြောက်ကိုကြည့်လိုက်မိပြန်၏။

"သူ. . . သူ. . . သူ. . . သူ. . . ဘယ်ရောက်နေပါလိမ့်"

ဟု ရင်ထဲ၌ပြောလိုက်မိ၏။

ထိုအချိန်၌. . .

"ဟော့"

ဟုအော်ခေါ်သံကြောင့် ရွှေစင် ဆတ်ခနဲလှည့်ကြည့်လိုက်လေရာ. . .

"သူ. . . သူ"

ဟု နှုတ်မှအသံထွက်ကာ ရွှေစင်က ငှင်းအားလက်ပြ၍. . .

"ဟော့"

ဟု ပြန်၍နှုတ်ဆက်လိုက်လေ၏။

သူသည် ရွှေစင်နှင့်ခပ်လှမ်းလှမ်းဝေးသည့်နေရာ၏ တောင်ကုန်းလေးပေါ်မှဖြစ်၏။ သူသည် အညိုရောင်ရှပ်အကျႌအကွက်သက်တိုလေးကိုဝတ်ဆင်ထားပြီး အောက်ပိုင်းက ဂျင်းဘောင်းဘီကိုဝတ်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွင် လျှာထိုးကျင်းဦးထုပ်လေးကို ဆောင်းထားလေ၏။

ထိုအချိန်၌ မိုးမှာ လွန်စွာမှရွာကောင်းလို့နေလေ၏။

သူရှိသည့်တောင်ကုန်းလေးသို့ သွားမည်အပြုတွင် ၄င်းက. . .

"မလာနဲ့. . . မလာနဲ့။ တို့လာခဲ့မယ်. . . တို့လာခဲ့မယ်။ အဲဒီကပဲစောင့်နေ"

ဟု တောင်ကုန်းလေးပေါ်မှ အော်ပြောလိုက်သဖြင့် ရွှေစင်မှာ ခြေလှမ်းများရပ်ကာ သူ့ တောင်ကုန်းပေါ်မှဆင်းအလာကို စောင့်နေ၏။

"အို! "

ဟု ရွှေစင်ထံမှထွက်ပေါ်လာ၏။

သူသည် တောင်ကုန်းပေါ်မှ ပြေးဆင်းလာရာ ချော်လဲမည့်အပြု သူယိမ်းယိုင်သွားသည့်အတွက် ရွှေစင်ကြည့်နေရင်းက စိုးရိမ်မှုများဖြစ်ပေါ်ခြင်းနှင့်အတူ အသံထွက်လာရခြင်းဖြစ်၏။

"ဟော့. . . ဟော့. . . ဟော့။ ဖြည်းဖြည်းဆင်း. . . လမ်းချော





နေတယ်"

ဟု စိုးရိမ်မှုအထွတ်အထိပ်သို့ရောက်နေသဖြင့် သူ့အား ရွှေစင်က အော်၍သတိပေးလိုက်လေ၏။

သူသည် ရှလနှင့်မိုးတို့အားပြိုင်နေသဖြင့် ရွှေစင်၏အသံသေးသေးလေးကို ကြားနိုင်စွမ်းမရှိချေ။ သူသည်လည်း ရွှေစင်ကို တွေ့လိုက်ရ၍ ရွှေစင်အနားသို့ရောက်ချင်သည့်စိတ်က ဇောထနေ၍ တအားပြေးဆင်းရာ. . .

"အား"

"ဟယ်! "

ဟုအသံများနှင့်အတူ သူသည် တောင်ကုံးပေါ်မှ ခြေချော်ကျကာ လွန်စွာမှနက်သောချောက်ကြီးထဲသို့ ကျသွားလေတော့၏။

"အမယ်လေး. . . သူ. . . သူ. . . သူသေပါပြီ"

ဟု ရွှေစင်, အသံနက်ကြီးနှင့်အော်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်းကို မခွဲပါနဲ့

"**သူ**. . . မသေဘူး။ သူ
မသေဘူး။ နင်တို့ ဘာတွေလာ
ပြောနေတာလဲ။ သူမသေဘူး။
မဟုတ်တာတွေ လာမပြောကြနဲ့။
သူသေတယ်ဆိုတာ ငါမယုံဘူး . .
ငါမယုံဘူး"
ဟု ရွှေစင်က အကြောက်အကန်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အော်ပြောလိုက်ရာ ၄င်းတို့အိမ်ရှေ့ဝရန်တာတွင် နားနေသော၄က်တစ်ကောင်မှာ လန့်ဖျပ်၍ ထပျံသွားလေတော့၏။

"ဝင့်ဝါရယ်. . . ငါ့နှလုံးသားတွေတစ်စစီဖြစ်အောင် ဘာလို့မဟုတ်တာတွေလာပြောနေရတာလဲ။ နင်တို့ပြောတာတွေကို ငါတစ်ခုမှမယုံဘူး. . . မယုံဘူး"

ဟုဆိုကာ ခေါင်းအုံးနှင့်မျက်နှာအပ်ကာ ငိုရှိုက်နေလေတော့၏။

"ဟင်း. . ."

ဟု ဝင့်ဝါထံမှ သက်ပြင်းချသံကြားလိုက်ရ၏။

သူငယ်ချင်းရွှေစင်အဖြစ်ကို မခံစားနိုင်သဖြင့် ယဉ်ယဉ်မှာ မလိုက်လာချေ။

"ဝင့်ဝါရယ်. . . နင်သွားချင်တယ်ဆိုရင်သွားပါ။ ငါတော့ ရွှေစင့်အဖြစ်ကိုမမြင်ရက်ဘူး။ ငါ သူ့ကိုသိပ်သနားတယ်။ သူ့ကိုကြည့်ပြီး ငါပါငိုချင်လာတယ်။ ငါမလိုက်ပါရစေနဲ့တော့"

ဟု ယဉ်ယဉ်ကပြောသဖြင့် ဝင့်ဝါမှာ တစ်ဦးတည်း ရွှေစင့်





ထံသို့လာခဲ့ရလေ၏။

"မယုံဘူး. . . မယုံဘူး"

ဟုရွှေစင်သည် မျက်နှာနှင့်ခေါင်းမှ ခွာလိုက်ပြီး ပြောလိုက်ပြန်၏။ ထို့နောက် မိခင်ဖြစ်သူဒေါ်စောယုအား မြင်လိုက်သည်နှင့်. . .

"အမေ. . . အမေ"

ဟုဆိုကာ ရွှေစင်က မိခင်အား ပြေးဖက်လိုက်လေ၏။ မိခင်ကလည်း သမီးဖြစ်သူအား ပြန်၍ဖက်ထားလိုက်လေ၏။ ထို့နောက် ရွှေစင်က. . .

"အမေ. . . သူတို့က သူသေပြီလို့ပြောကြတယ်။ မဟုတ်ဘူးမဟုတ်လား။ မဟုတ်ဘူးနော်။ သူ့မသေပါဘူးအမေရယ်"

ဟုပြောလိုက်ရာ မိခင်ဖြစ်သူမှာ သမီးအဖြစ်ကိုကြည့်ပြီး လွန်စွာမှကြေကွဲကာ မျက်ဝန်းမှမျက်ရည်တို့သည် ပါးပြင်ပေါ်သို့ စီးဆင်းလာ၏။

"သြော်. . . သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းနည်းမှုဖျို့တက်ကာ ညည်းတွားလိုက်မိလေတော့၏။

"အမေ. . . အဖေက သူနဲ့သမီးကိုသဘောမတူလို့ သူသေတယ်ဆိုပြီး အမေတို့ သမီးကိုညာပြောကြတာမဟုတ်လား။ သူ. . . သူ. . . သူတကယ်မသေဘူးမဟုတ်လား။ ပြောပါအမေရယ်။ သမီးကိုအားမနာပါနဲ့။ ပြောပါအမေရယ်"

ဟု ရွှေစင်က မိခင်အားတတွတ်တွတ်နှင့်မေးရာ မိခင်ဖြစ်သူမှာ သမီးအတွက် မည်သို့သောစကားကိုပြောရမည်မှာ လက်ငင်းချက်ချင်း စကားလုံးရှာဖွေ၍မတွေ့ဘဲ၊ ၎င်းထံမှ သက်ပြင်းလေးလေးတွဲတွဲကြီးချလိုက်မိလေတော့၏။

ရွှေစင်သည် မိခင်အားစိုက်ကြည့်မိ၏။ မျက်ဝန်းမှမျက်ရည်များကိုသုတ်လိုက်၏။ မိခင်ဒေါ်စောယုမှာ ၎င်းအားစိုက်ကြည့်နေသောကြောင့်

"ငါ့သမီးလေး ဘာများဖြစ်သွားလဲ"

ဟု စိုးရိမ်စိတ်နှင့်ပြန်ကြည့်မိ၏။

သားအမိနှစ်ယောက်ဖြစ်နေသည့်အဖြစ်ကို တစ်စုံတစ်ရာ





ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ ဒေးမောကြည့်ကာ စိတ်မွန်းကျပ်လာ၏။ ထို့နောက် ဝင့်ဝါလည်းသက်ပြင်းချလိုက်မိပြန်၏။

"အမေ. . . အမေရယ်"

ဟု ရွှေစင်သည် ဒူးထောက်၍ စုံဆယ်ဖြာထိပ်မှာမိုး၍. . .

"သမီးတို့ချစ်ခြင်းကိုမခွဲပါနဲ့အမေရယ်"

ဟု ငိုသံနှင့်ပြောလိုက်လေတော့၏။

"အို. . . မဟုတ်တာကွယ်။ သမီးနဲ့သူက"

ဟု မိခင်က ဆက်မပြောရဲသဖြင့် စကားကိုရပ်လိုက်သည်နှင့် ရွှေစင်က. . .

"အမေ, သူသေတယ်၊ သူသေသွားပြီလို့ ပြောမလို့မဟုတ်လား။ သူမသေဘူး. . . ညတုန်းကတောင် သမီးနဲ့သူ, ဖုန်းထဲမှာစကားတွေပြောဖြစ်ကြတယ်၊ သူပြန်လာတော့မှာတဲ့"

ဟုပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# ဟယ်လို

ရွှေစင် အိပ်ပျော်ခါစ, ရှိ
သေးသည့်အချိန်၌
“. . . . . . . . . . .”
ဟူသောမြန်မာ့သကြန်တီးလုံးအသံ
ဖြင့် ဖုန်းခေါ်သံမြည်လာ၏။

ရွှေစင် မျက်လုံးမဖွင့်ဘဲ
ဖုန်းကို ပါးနားကပ်ကာ. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဟယ်လို”

ဟုပြောလိုက်လေ၏။

“. . . . .”

ဟုတစ်ဖက်က ဖုန်းသံကပြောလိုက်ရာ ရွှေစင်မှာ မျက်လုံးများ ပြူးကျယ်သွားပြီးနောက်. . .

“ကို. . . ကို. . . ကိုကို”

ဟု ဝမ်းသာအားရပြောလိုက်လေ၏။

“. . . . .”

တစ်ဖက်ကပြောလိုက်ရာ. . .

“သွားပါ, အခုမှလာမချွဲနေနဲ့။ မနေ့က ဖုန်းဆက်မယ်ဆိုပြီး ဘာလို့မဆက်တာလဲ”

ဟု ရွှေစင်က ကိုယ်ဟန်အနေအထားပြောင်း၍ အပြစ်တင်စကားပြောလိုက်လေ၏။

“. . . . .”

တစ်ဖက်က ပြောလိုက်ရာ. . .





“ကိုကိုရယ်. . . သိပ်လွမ်းတာပဲ။ သိလား”

ဟု ရွှေစင်က, ပြောလိုက်လေ၏

“. . . . .”

တစ်ဖက်က ပြောလိုက်ရာ၊ ရွှေစင်က. . .

“ဟွန်း. . . သွားပါ။ မယုံပါဘူး”

ဟု ပျစ်ပျစ်ချွဲချွဲလေးပြောလိုက်လေ၏။

“. . . . .”

တစ်ဖက်ကပြောရာ. . .

“ယုံပါတယ်ကိုကိုရယ်. . . ရွှေစင်က ချစ်လို့စတာ။ ကိုကို တခြားမိန်းကလေးတွေနဲ့မပတ်သက်ဘူးဆိုတာလည်းယုံတယ်။ ပြီးတော့. . . ကိုကို၊ ရွှေစင့်ကိုဘယ်လောက်ချစ်သလဲဆိုတာလည်းသိတယ်။ ဒါနဲ့ မနေ့က ကိုကိုဖုန်းဆက်မယ်ပြောပြီး ဘာလို့မဆက်တာလဲ။ အဲဒါတော့ ရွှေစင်, ကိုကို့ကိုစိတ်ဆိုးတယ်။ သိလား”

ဟု ရွှေစင်က ပြောလိုက်လေ၏။

“. . . . .”



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ပြောလိုက်ရာ...

"ဟင်! ကိုကိုဖုန်းဆက်တယ်ဟုတ်လား။ ဘယ်အချိန်ဆက်တာလဲ"

ဟု ရွှေစင်က မေးလိုက်လေ၏။

တစ်ဖက်ဖုန်းက ပြောလိုက်ရာ...

"ည ၉ နာရီဟုတ်လား။ အဲဒီအချိန်ဆိုရင် ရွှေစင်ဖုန်းဖွင့်ထားပြီး အခွေထိုင်ကြည့်နေတာ၊ ဘယ်မှလည်းမသွားဘူး"

ဟု ရွှေစင်က ပြောလိုက်လေ၏။

"....."

ဟု တစ်ဖက်က ပြောလိုက်သဖြင့် ရွှေစင်က...

"ကိုကိုဖုန်းဆက်တာ ခေါ်လို့မရဘူးဟုတ်လား"

ဟု ပြောလိုက်လေ၏။

"....."

ဟုပြောလိုက်ရာ...

"ဟယ်...ကိုကိုပြန်လာတော့မယ်ဟုတ်လား"





"....."

တစ်ဖက်က ဖုန်းမှပြောလိုက်ရာ..

"တကယ်လား"

ဟု ရွှေစင်က သေချာအောင် ထပ်မေးလိုက်လေ၏။

"....." ဟုပြောရာ..

"ဝမ်းသာလိုက်တာကိုကိုရယ်။ ကိုကို့ကို အစောကြီးကတည်းက ရွှေစင်ပြောသားပဲ။ ကိုယ့်မြန်မာပြည်မှာပဲ လုပ်ကိုင်စားသောက်ရင်ရပါတယ်လို့။ အခုတော့ နိုင်ငံခြားကို အထင်မကြီးတော့ဘူးမဟုတ်လား။ ကဲပါလေ, ဒါတွေထားလိုက်ပါတော့။ ကိုကိုဘယ်တော့လောက် မြန်မာပြည်ကိုပြန်လာမှာလဲဟင်"

ဟု ရွှေစင်က ပြောလိုက်လေ၏။

"....."

တစ်ဖက်ဖုန်းက ပြောလိုက်ရာ...

"နေဦး...ကိုကို။ ပြက္ခဒိန်ကြည့်လိုက်ဦးမယ်"

ဟုဆိုကာ ရွှေစင်ပြက္ခဒိန်ကိုကြည့်လိုက်၏။ ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . ကိုကို။ မနေ့က ကိုကိုဖုန်းဆက်မယ်ဆိုပြီး ရွှေစင်တောင် ပြက္ခဒိန်က, နံပါတ်တွေကို ဆော့ပင်နဲ့ခြစ်ထားတယ်။ ၁ ရက်၊ ၈ လ၊ ၂၀၀၁ လေ။ ဒီနေ့က. . . ၂ ရက်၊ ၈ လ၊ ၂၀၀၁ ကြာသပတေးနေ့လေ။ ကိုကိုပြန်လာမှာက ၇ ရက်၊ ၈ လ၊ ၂၀၀၁ ပေါ့။ ဟုတ်လားကိုကို။ ရွှေစင်မျှော်နေမယ်နော်"

ဟု ပြောလိုက်လေ၏။

". . . . ."

ဟု တစ်ဖက်ဖုန်းက ပြောလိုက်ရာ. . .

"ဝွတ်နိုက်ကိုကို"

ဟု ရွှေစင်ကပြောလိုက်ပြီး ဖုန်းပိတ်လိုက်လေတော့၏။

ရွှေစင်သည် ပြက္ခဒိန်ကိုထပ်မံကြည့်လိုက်ပြီးနောက်. . .

"ကိုကိုပြန်လာမှာက ၇ ရက်၊ ၈ လ၊ ၂၀၀၁"

ဟုတစ်ဦးတည်းပြောဆိုကာ၊ ပြက္ခဒိန်တွင် သူပြန်လာမည့် ရက်ကို ဆော့ပင်နှင့် အမှတ်အသားတစ်ခုခြစ်ထားလိုက်လေတော့၏။

ရွှေပဒေသာစာပေ



www.burmeseclassic.com

www.burmeseclassic.com

## မိုးထဲက နှင်းဆီ

**မိုး** ဖွဲဖွဲလေးများ ကျလာသဖြင့် ရွှေစင် လွန်စွာမှပျော်ရွှင်လို့နေလေ၏။ ထို့နောက် ကိုရွှေမိုးသည် ဖွဲဖွဲလေးမှ အတော်လေးရွာသဖြင့် သူငယ်ချင်းတွေကိုမ်စောင့်တော့ဘဲ တစ်ဦးတည်း မိုးရေထဲသို့ ထီးမဆောင်းဘဲ ထွက်လာခဲ့ရလေ





တော့၏။

ရွှေစင်သည် ယခုလို မိုးရေထဲမှာ လွတ်လွတ်လပ်လပ်သွားလာနေရသဖြင့် လွန်စွာမှပင်ကြည်နူးလို့နေလေ၏။

"မိုးရွာရင် မိုးရေချိုးမယ်။ မေမေလာရင် နို့စို့မယ်။ ဖေဖေလာရင် အုန်းသီးခွဲစားမယ်"

ဟူသောတေးစာသားလေးကို ကလေးဘဝက အော်ဟစ်သီဆိုပြီး မိုးရေထဲမှာ ပြေးကစားခဲ့ရသလို၊ အခု ထိုသီချင်းကိုသီဆိုချင်နေပေမယ့် အရွယ်က ကလေးအရွယ်မဟုတ်တော့သည်ကိုသိနေ၏။ သို့သော် တစ်ခါတစ်ရံ မသိစိတ်က ကလေးဘဝလို မြူးတူးပျော်ရွှင်ချင်စိတ်များဖြစ်ပေါ်လာခဲ့၏။ ထိုအခါ ရွှေစင်သည် ၎င်း၏စိတ်ကို အတော်လေးထိန်းချုပ်ထားလိုက်ရလေတော့၏။

ရွှေစင်သည် မိုးရေထဲ၌ အေးရာအေးကြောင်းလွတ်လပ်စွာသွားနေ၏။ ထိုအချိန်၌ ရွှေစင်၏ကိုယ်ပေါ်သို့ မိုးရေစက်များ ကျမလာသဖြင့် ထူးဆန်းစွာကြည့်လိုက်ရာ ၎င်း၏ခေါင်းတည့်တည့်တွင် ထီးအမိုးတစ်ခုကိုတွေ့လိုက်ရပြီး ဘေးကိုကြည့်လိုက်ရာ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် မတိမ်းမယိမ်းခန့်အရွယ်ရှိမည့် လူယယ်ယောကျ်ားလေးတစ်ယောက်ကိုတွေ့လိုက်ရသဖြင့်. . .

"ဒါ. . . ဘာလုပ်တာလဲ"

ဟု ရွှေစင်က ၄င်းအား ရန်တွေ့လိုက်လေ၏။

"ထီးမိုးပေးတာလေ။ မိန်းကလေးတစ်ယောက်တည်း မိုးရေထဲမှာ သွားနေတာကို အမြင်မတော်လို့ ထီးမိုးပေးရတာပါ။ ကျွန်တော့်မှာ ဘာအကြောင်းမှမရှိပါဘူးခင်ဗျာ။ နှမချင်း ကိုယ်ချင်းစာနာစိတ်နဲ့ပါ"

ဟု သူက အေးဆေးတည်ငြိမ်စွာဖြင့်ပြောလိုက်ရာ ရွှေစင်ရင်ထဲအေးမြသွားသလို ခံစားလိုက်ရလေတော့၏။

သူသည် လျှာထိုးဂျင်းဦးထုပ်လေးကိုဆောင်းထားပြီး အညိုရောင်ပါသည့် အကွက်ရုပ်အကျႌကိုဝတ်ဆင်ကာ ဂျင်းဘောင်းဘီကိုလည်းဝတ်ထား၏။

"တို့က မိုးရေထဲမှာ လွတ်လွတ်လပ်လပ်သွားချင်လို့ ထီးပါရဲ့နဲ့ ထီးဖွင့်မဆောင်းတာပါ"





ဟု ရွှေစင်က ပြောလိုက်ရာ သူက. . .

"ဪ. . . ဟုတ်လား။ ထွင်တာမဟုတ်ဘူးပေါ့"

ဟု နောက်သလိုပြောင်သလိုမျိုးနှင့်ပြောလိုက်လေ၏။

"ထွင်တာမဟုတ်ဘူး။ မိုးရေထဲမှာ သွားရ၊ လမ်းလျှောက်ရတာ အရမ်းပျော်စရာကောင်းတာ"

ဟု ရွှေစင်ကပြောလိုက်ရာ သူ လွန်စွာမှအံ့ဩစွာဖြင့် ရွှေစင်အား ကြည့်လိုက်မိလေ၏။ ထို့နောက် သူသည် ထီးကိုပိတ်လိုက်ပြီးနောက်. . .

"ဟုတ်လား. . . တို့လည်းပျော်ချင်တယ်။ မိုးရေထဲမှာ လမ်းလျှောက်ရတာ ပျော်စရာတစ်ခုအဖြစ် အခုမှစတင်တွေ့ရတော့တယ်။ မိုးထဲက နှင်းဆီရယ်"

ဟု သူကပြောလိုက်လေ၏။

"အလဲ့, သူက ဆရာမင်းလူတို့ ဝတ္ထုခေါင်းစီးအမည်တွေပြောတတ်နေမှကို။ တို့နာမည်က. . . ရွှေစင်တဲ့"

ဟုပြောလိုက်ရာ သူကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"တို့နာမည်က. . . မိုးကိုကို လို့ခေါ်တယ်"

ဟုပြောလိုက်လေ၏။

"ဟင့်. . . အဲဒီလိုမျိုးကြီးတော့မခေါ်ရဲဘူး"

ဟု ရွှေစင်ကပြောလိုက်ရာ သူက. . .

"တို့ကတော့ မိုးထဲက နှင်းဆီလို့ပဲခေါ်မယ်နော်"

ဟုပြောကာ ရွှေစင်က တစ်စုံတစ်ရာပြန်မပြောတော့ဘဲ သူနှင့်အတူ မိုးရေထဲသို့လမ်းလျှောက်ကြလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

# မနောက်ပါနဲ့

ထိုနေ့က ၂၀၀၁ ဩဂုတ်လ (၅)နေ့ဖြစ်၏။

ဝင့်ဝါသည် ပျော်စရာသတင်းတစ်ခုကိုသယ်ဆောင်လာ၍ ရွှေစင်ထံသို့ရောက်လာခဲ့လေ၏။

"ဟော့. . . မိရွှေစင်။ ညည်းပျော်ရအောင် စကားတစ်ခွန်း





ပြောမယ်"

ဟု ဝင့်ဝါက အစပျိုးလိုက်လေ၏။

"ဘာသတင်းများလဲ"

ဟု ရွှေစင်ကမေးရာ ဝင့်ဝါက. . .

"ပြောမယ့်သာပြောရတယ်။ အဲဒီသတင်းကို နင်သိပြီးသားဖြစ်နေမှာပါ"

ဟု ဝင့်ဝါကပြောလိုက်လေ၏။

"ဝင့်ဝါ. . . နင့်စကားတွေက ပဟေဠိဆန်နေတယ်။ ငါနားလည်အောင် ဘာသာပြန်စမ်းပါဦး၊မိန်းမရယ်"

ဟု ရွှေစင်က ပြောလိုက်လေ၏။

"ရွှေစင်. . . အိပ်ချင်ယောင်ဆောင်တဲ့လူဟာ အနိုးရခက်တယ်ဆိုတဲ့စကား နင်နဲ့တွေ့မှမှန်သလိုပဲ"

ဟု ဝင့်ဝါကပြောလိုက်ရာ ရွှေစင်ကစိတ်မရှည်စွာဖြင့်. . .

"ကဲ. . . မိရွှေဝင့်ဝါ၊ ပြောချင်ရင်လည်း ဒဲ့ဒိုးသာပြော။ ကိုနှစ်ယောက်ကြားမှာ ဘာမှလျှို့ဝှက်ထားစရာ ဘာအကြောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး"

ဟု ပြောလိုက်လေ၏။

"ဩော်. . . ဒီလိုလား။ အိပ်ချင်ယောင်ဆောင်တဲ့မိန်းမကို ကျုပ်ကတော့ အတင်းနိုးရမှာပဲ။ ဒီမယ့်ရှင့် ဒီမယ်. . . ရှင့် 'ကိုကို' ပြန်လာပြီမဟုတ်လား"

ဟု ဝင့်ဝါက ပြောချလိုက်လေရာ ရွှေစင်မှာ ဇဝေဇဝါဖြစ်ကာ. . .

"မရောက်သေးပါဘူးအေ။ ညည်းကိုဘယ်သူပြောလဲ။ ယဉ်ယဉ်ပြောတာမဟုတ်လား"

ဟု ရွှေစင်က ပြောလိုက်လေ၏။

"ဘာယဉ်ယဉ်မှမဟုတ်ဘူး။ ငါကိုယ်တိုင် ဒီမျက်စိနှစ်လုံးနဲ့ မြင်တာ"

ဟု ဝင့်ဝါက ပြောလိုက်ရာ. . .

"ဟုတ်ရဲ့လားအေ။ ဘယ်နေ့ကလဲ"

ဟု ရွှေစင်က မေးလိုက်လေ၏။





"မနေ့ကတော်ရေ. . . မနေ့က ကျုပ်ကမြင်တာ။ သူက ရှင့်ဆီကိုသွားချင်ဇောနဲ့ ခေါ်တာတောင်မကြားဘူး"

ဟု ဝင့်ဝါက ပြောလိုက်ရာ. . .

"မဖြစ်နိုင်ဘူးထင်တယ်။ မနေ့ကရောက်ရင် သူ့ ငါ့ဆီကိုဖုန်းဆက်ရမှာ။ မဟုတ်သေးဘူး. . . သူက (၇)ရက်နေ့မှ လာမှာလို့ ငါ့ကိုပြောထားတယ်"

ဟု ရွှေစင်ကပြောလိုက်ရာ ဝင့်ဝါမှာ. . .

"ညည်း. . . ငါ့ကို သက်သက်အတည်နဲ့အကြောင်ရိုက်တာ။ ဒီမယ်. . . ရွှေစင်, နင်တို့ငါတို့ဟာ မိုးကိုကိုနဲ့မတွေ့ခင်ကတည်းက သိလာကြတဲ့သူငယ်ချင်းတွေပါ။ ညည်းလူပြန်ရောက်လာမှ အချိုးတွေပြောင်းမသွားနဲ့"

ဟုဒေါနှင့်မောနှင့်ပြောဆိုကာ၊ ရွှေစင့်အနားမှ ဝင့်ဝါထွက်သွားလေတော့၏။

ရွှေစင်လည်း ၎င်းအနားမှ ထွက်သွားသောသူငယ်ချင်းဝင့်ဝါ၏ကျောပြင်ကိုကြည့်၍ သက်ပြင်းမသိမသာချလိုက်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သူကပဲ လာနောက်သေးတယ်။ သူကပဲ ငါ့ကိုစိတ်ဆိုး တယ်လို့"

ဟုရွှေစင်က ဝင့်ဝါအား မကျေမနပ်ဖြစ်မိလေ၏။

ရွှေစင်ထံသို့ ဝင့်ဝါမလာခင် ခပ်စောစောလေးက ယဉ်ယဉ်သည် ရွှေစင်အားဖုန်းဆက်လေ၏။

"ဟယ်လို"

ဟုရွှေစင်ကပြောလိုက်ရာ တစ်ဖက်ဖုန်းသံမှ . . .

"ဟယ်မိန်းမ. . . ကျုပ်အသံတောင် ရှင်မမှတ်မိတော့ဘူးလား။ ရပါတယ်. . . ရပါတယ်. . . ရှင်က ပျော်စရာတွေတွေ့နေတော့လည်း ကျုပ်တို့ကိုအမှတ်ဘယ်ရတော့မှာလဲလေ"

ဟု ယဉ်ယဉ်က ပြောလိုက်လေ၏။

"အမယ်. . . ယဉ်ယဉ်ရယ်၊ နင်ဘာတွေပြောနေတာလဲ။ နင်ပြောတဲ့စကားတွေကို ငါ့ဘာသာပြန်လို့မရဖြစ်နေတယ်။ နင် ဘာကိုဆိုလိုတာလဲ"

ဟုရွှေစင်ကမေးရာ. . .





"အမယ်လေးတော်. . . အရိပ်ပြလို့အကောင်မမြင်ပါလား။ ဆင်တစ်ကောင်လုံးတွေ့နေတာတောင် ဆင်ခြေရာရှာဖို့မလိုပါဘူးအေ"

ဟုဆိုကာ ယဉ်ယဉ်က ပြောလိုက်လေ၏။

"မယဉ်. . . ဝေ့လည်လယ်လုပ်မနေပါနဲ့ဟယ်။ နင်ဘာပြောချင်တာလဲ။ ငါကဘာဖြစ်နေလို့လဲ"

ဟုရွှေစင်ကမေးရာ. . .

"အောင်မာ. . . မိန်းမ၊ ရှင့်ကိုကိုပြန်ရောက်နေပြီမဟုတ်လား။ ကျုပ်ပြောတာတွေ မသိဟန်ဆောင်နေတာပေါ့လေ"

ဟုဆိုကာ ယဉ်ယဉ် ဖုန်းချသွားလေတော့၏။ ထို့နောက် ရွှေစင်မှာ. . .


"ယဉ်ယဉ်က သိပ်နောက်တာပဲ။ ကိုကိုက (၇)ရက်နေ့မှ ပြန်လာမှာ။ အခုမှ (၅) ရက်ပဲရှိသေးတယ်"

ဟု ရင်ထဲ၌ပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ခေါ်မကြား … အော်မကြား

"မိုးကိုကို, ဟေ့မိုးကိုကို"

ဟု ဝင့်ဝါက လှမ်းခေါ်လိုက်ရာ မိုးကိုကိုဆိုသူမှာ ဂရုမထားနိုင်ဘဲ ရှေ့ကိုသာ ဦးတည်၍သွားနေ၏။

ထို့နောက် ဝင့်ဝါက ထပ်မံခေါ်လိုက်ပြန်၏။

"ဟေ့မိုးကိုကို, ဟေ့မိုးကိုကို"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com


ဟု ထပ်မံခေါ်လိုက်သော်လည်း သူကမကြား။ ဝင့်ဝါမှာ အနည်းငယ်ဒေါသထွက်ပြီး လွန်စွာမှကျယ်လောင်စွာအော်လိုက်လေ၏။

## "မိုးကိုကို"

ဟုခေါ်လိုက်သည့်အခါ သူ့မကြား။ ထိုအခါမှာ ဝင့်ဝါက လွန်စွာဒေါသထွက်ပြီး. . .

"ဟွန်း. . . ဘယ်လိုလူလဲမသိဘူး။ ခေါ်မကြားအော်မကြား။ သူပြန်ရောက်နေတာ ရွှေစင်မှသိရဲ့လားမသိဘူး။ ရွှေစင့်ဆီ ဖုန်းဆက်ပြောဦးမှ။ မဖြစ်သေးပါဘူး. . . ရွှေစင့်တို့အိမ်သွားပြီးပြောထားမှ"

ဟုဆိုကာ ဝင့်ဝါသည် ရွှေစင်တို့အိမ်သို့ထွက်ခဲ့လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

ဖုန်းထဲကအသံ

**ဖုန်း** သံမြည်လာသဖြင့်

ယဉ်ယဉ်ကိုင်၍. . .

"ဟယ်လို"

ဟုဆိုလိုက်လေ၏။

". . . . ."

ဟုပြောလိုက်ရာ. . .

"ဟယ်. . . မိုးကိုကို။ နင်





ဘယ်တုန်းက ပြန်ရောက်လာတာလဲ။ ရွှေစင်နဲ့တွေ့ပြီးပြီပေါ့"

ဟု ယဉ်ယဉ်ပြောလိုက်လေ၏။

". . . . ."

ဟုပြောလိုက်ရာ. . .

"ဪ. . . ဟုတ်လား, အေးပေါ့။ ငါတို့ကို နင်တို့တစ်ခုခု ကျွေးရမယ်နော်။ ငါကတော့ ရန်ကင်းကြေးအိုးပဲ။ သိလား"

ဟုယဉ်ယဉ်က ပြောလိုက်လေ၏။

". . . . ."

ဟုပြောရာ ယဉ်ယဉ်က. . .

"ဝင့်ဝါလည်း နေကောင်းပါတယ်။ အေး, နောက်မှတွေ့ကြ တာပေါ့"

ဟုဆိုကာ ဖုန်းချလိုက်လေ၏။

"မိရွှေစင်ဆီ ဖုန်းဆက်ပြီးပြောဦးမှ"

ဟုဆိုကာ ယဉ်ယဉ် ရွှေစင်ထံသို့ဖုန်းဆက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သွားနေလဲ မိုးကျရွှေကိုယ်

**သူ** နဲ့ မိုးရေထဲမှာ အတူတူလမ်းလျှောက်ပြီးနောက်,မတွေ့ရ။ သူက ဘယ်ကလဲ။ မိုးကျရွှေကိုယ်တော်များလား။ သူ့ကိုဘယ်လိုဖြစ်ပြီး အမှတ်ရနေပါလိမ့်။

ရွှေစင်သည် ငှင်းကိုယ်တိုင် အဖြစ်ဆန်းကို ဝင့်ဝါနှင့် ယဉ်ယဉ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တို့အား သူ့အကြောင်းကိုပြောမိတယ်။ အဲဒီအတွက် ရှက်စရာလို့ ရွှေစင်မထင်ခဲ့မိပါ။

"သြော်. . . မျှော်လိုက်ရတာ မိုးကျရွှေကိုယ်ရယ်"

ဟု တမ်းတမ်းတတသတိရနေမိလေ၏။

မိုးမှောင်လာ၏။

မိုးရွာတော့မည်လား။

ထိုအချိန်၌ မိုးဖွဲလေးများကျလာ၏။

ရွှေစင်, ၄င်း၏မျက်နှာ ဝင့်ခနဲ၊ ဝင့်ခနဲဖြစ်ကာ လွန်စွာမှ ပျော်ရွှင်သွားလေတော့၏။ ထိုသို့ပျော်ရွှင်ခြင်းများနှင့်ထပ်တူ. . .

သူ. . . သူ. . . သူဆိုတဲ့မိုးကျရွှေကိုယ်တော်ကို ဘယ့်နှယ့် ဘယ်လိုခေါင်းထဲသို့ ဝင်ရောက်လာမှန်းမသိတော့ချေ။

"ဟဲ့. . . မိရွှေ, မိုးရွာလာပြီ။ မိုးရေထဲ လမ်းမလျှောက်တော့ ဘူးလား"

ဟု အကြောင်းသိနေသောယဉ်ယဉ်က ပြောလိုက်လေ၏။

ထိုအခါ ဝင့်ဝါက. . .





"မိုးဖွဲတတ်လမ်းလေးတစ်ပုဒ်တော့ ကြားရတော့မယ်"

ဟုဆိုကာ ရွှေစင့်အားကြည့်ပြီးပြောလိုက်လေ၏။

ထိုစကားကြောင့် ရွှေစင်ပြုံးမိသေး၏။ ဘာရယ်မသိ မိုးရေထဲသို့ကြည့်မိ၏။ ၄င်း၏မျက်ဝန်းမှ တစ်စုံတစ်ယောက်ကို ရှာဖွေပြန်၏။ ထို့နောက် ရွှေစင်သည် ဝင့်ဝါနှင့်ယဉ်ယဉ်တို့အား မည်သို့ စကားမှပြောဆိုခြင်းမရှိဘဲ မိုးရေထဲသို့ထွက်လာခဲ့ရလေတော့၏။

ရွှေစင်. . . မိုးရေထဲမှာ တစ်ယောက်တည်းလမ်းလျှောက်ရသာ ခါတိုင်းနှင့်မတူ။ ထို့ကြောင့် ရွှေစင် အဖြေတစ်ခုကိုချက်ချင်း ဆုတ်လိုက်လေ၏။ ထိုအချိန်၌ မိုးတိတ်သွား၏။ လွန်စွာမှထူးဆန်းသေစွ။ ကောင်းကင်တစ်ပြင်လုံး မည်းလို့နေသော်လည်း မိုးက ခဏလေးပင် ရွာလိုက်လေတော့၏။

ရင်ထဲ၌ အစိုင်အခဲတစ်ခုဖြစ်ကာ ရွှေစင်အိမ်သို့ ပြန်ရောက်လာခဲ့လေ၏။ ထို့နောက် ရေမိုးချိုးကာ ထမင်းမစားတော့ဘဲ ခပ်စောစောလေး ဝင်အိပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## စွဲစွဲလမ်းလမ်း

"**ဟာင်**. . . မိုးကျရွှေကိုယ်၊ အဲလေ. . . ဟုတ်ပေါင်" ဟု ရွှေစင်သည် သူ့အားမြင်လိုက်သည်နှင့် အယောင်ယောင်အမှားမှားဖြစ်သွားလေ၏။

သူသည် လျှော်ကြိုးဂျင်းဦးထုပ်လေးကိုဆောင်းထား၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းကုတ်ခါးတိုလေးနှင့် ဂျင်းဘောင်းဘီကိုဝတ်ထား၏။

သူသည် ရွှေစင်အား မျက်တောင်မခတ်ဘဲစိုက်ကြည့်နေ၏။

သူ၏အသားအရေမှာ ဖြူဖပ်ဖြူရော်နှင့် မလန်းဆန်းသလို မျိုး။

သူကြည့်နေ၍ ဘာရယ်မသိ၊ ရွှေစင်ခေါင်းငုံ့နေလိုက်၏။ ရှက်လို့ပင်ဖြစ်မည်လား။ သို့သော် ရွှေစင် သူ့အားကြာရှည်စွာ မရှက်နိုင်သဖြင့် ခေါင်းထောင်ကာ သူ့အားကြည့်မိ၏။

သူ, ရွှေစင်ကိုကြည့်နေမြဲ။

ထိုအခါ ရွှေစင်ကပင်စ၍ ပြုံးပြလိုက်မိလေ၏။

ရွှေစင်ပြုံးပြလိုက်သည့်အခါ သူ. . . သူက အားယူ၍ပြုံး လိုက်လေ၏။

သူ၏အပြုံးကို ရွှေစင်ဘဝင်မကျ။

"သူဘာဖြစ်နေတာလဲ. . . သူ့ကိုကြည့်ရတာတစ်မျိုးပဲ။ နေ မကောင်းဘူးလား"

ဟု ရွှေစင့်ဘဝတွင် သူစိမ်းယောကျ်ားတစ်ယောက်ကို တခ





ဏာနှင့် 'နေမကောင်းဘူးလား' ဟု မေးရသည်မှာ ပထမဦးဆုံး အကြိမ်ပင်ဖြစ်လို့နေလေတော့၏။ ထို့နောက် သူက ခေါင်းညိတ် လိုက်လေ၏။

"ဟင်. . . သူ. . . သူနေမကောင်းဘူးဟုတ်လား"

ဟု ရွှေစင်မေးလိုက်ရာ. . .

"ဟုတ်ပါတယ်။ ဟိုနေ့က မိုးထဲကနှင်းဆီနဲ့ မိုးရေထဲလမ်း လျှောက်ရင်း အအေးပတ်ပြီးဖျားတာ"

ဟု သူကပြောလိုက်လေ၏။

"ဟုတ်လား, တို့စိတ်မကောင်းပါဘူးမိုးကျရွှေကိုယ်ရယ်။ မိုး ရွာတုန်းကတောင် သူ့ကိုသတိရနေသေးတယ်"

ဟု ပြောလိုက်ရာ၊ သူက. . .

"ဒါကြောင့်. . . တို့ဆေးရုံတက်နေရာကနေ သူနဲ့အတူ မိုး ရေထဲမှာ လမ်းလျှောက်ရအောင် ထွက်လာတာ။ မိုးက တိတ်သွား တယ်"

ဟု သူက အားယူ၍ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ်, သူက နေမကောင်းဖြစ်နေတာ။ မိုးရေထဲ လမ်းလျှောက်ထွက်လို့ဘယ်ဖြစ်မှာလဲ။ တော်ကြာ. . ."

ဟုဆိုကာ ရွှေစင်စကားကိုရပ်ပစ်လိုက်ရာ၊ သူက. . .

"တို့သူနဲ့မိုးရေထဲလမ်းလျှောက်ရတာ ပျော်စရာသိပ်ကောင်းတယ်။ တို့သေချင်သေသွားပါစေ"

ဟုပြောလိုက်လေ၏။

"အို. . . သူသေလို့ဘယ်ဖြစ်မှာလဲ"

ဟုရွှေစင်က ပြောလိုက်ရာ ထိုအချိန်၌. . .

"ဟော့မိရွှေစင်. . . ဟော့မိရွှေစင်. . . ဟော့မိရွှေစင်"

ဟုခေါ်သံများ အဆက်မပြတ်ခေါ်လိုက်သည့်အသံကြောင့် ရွှေစင်အိပ်ပျော်နေရာမှ လန့်နိုးသွားလေတော့၏။

"ဟော့. . . ရွှေစင်, ထတော့လေ။ ဘယ်အချိန်ရှိပြီလဲ"

ဟု အပြင်မှ ဝင့်ဝါနှင့်ယဉ်ယဉ်တို့ခေါ်သံကြားလိုက်ရသဖြင့် ရွှေစင်အိပ်ရာမှလူးလဲထကာ အခန်းတံခါးကိုဖွင့်လိုက်လေ၏။

"မိန်းမ, အိပ်ပုပ်ကြီးလှချည်လား"





ဟု ယဉ်ယဉ်ကပြောလိုက်လေ၏။

"နင်တို့ သာသနာဖျက်မတွေ"

ဟု ရွှေစင်ကပြောလိုက်ပြီး ခုတင်ပေါ်သို့လှဲချလိုက်လေ၏။

"အမယ်လေးတော်. . . သူများသားသမီးကို ချိုးချိုးပစ်ပစ်ပြောရဲလိုက်တာ။ ကျုပ်တို့က ဘာတွေများအမှားကျူးလွန်မိလို့လဲ"

ဟု ဝင့်ဝါကပြောလိုက်ရာ ရွှေစင်က ၄င်းနှင့် သူ၏မိုးကျရွှေကိုယ်တို့ အိပ်မက်ထဲတွင်မက်နေပုံကို ပြောပြလိုက်လေတော့၏။

"ကောင်းခန်းရောက်မှ နင်တို့ခေါ်သံကြောင့် ငါလန့်နိုးပြီး အိပ်မက်ကလေးပျောက်သွားတယ်"

ဟုရွှေစင်မျက်နှာမချိုမချဉ်နှင့် ပြောလိုက်ရာ. . .

"အမယ်. . . ဟိုက ဘယ်အရပ်ဘယ်ဒေသမှန်းမသိဘဲ မိရွှေစင်တို့များ အိပ်မက်ထဲအထိဖိတ်ခေါ်ရတယ်လို့။ မိန်းမသိက္ခာကျလိုက်တာ"

ဟု ယဉ်ယဉ်က မဲ့ကာရွဲ့ကာနှင့်ပြောလိုက်လေ၏။

"သူ့တကယ်များ နေမကောင်းဖြစ်နေလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိုးရိမ်စိတ်များဖြစ်ပေါ်ကာ ရွှေစင်ပြောလိုက်လေတော့၏။

"ဟဲ့. . . မိရွှေစင်စိတ်စွဲလမ်းလို့ဖြစ်တာပါအေ။ ကဲ. . . ထ. ရေချိုး. . . သွားကြရအောင်"

ဟု ဝင့်ဝါက ပြောလိုက်ရာ ရွှေစင်က. . .

"ညည်းတို့က ဘယ်သွားကြဦးမှာလဲ"

ဟု ရွှေစင်ကမေးလိုက်လေ၏။

"အမယ်လေးတော်. . . မိုးကျရွှေကိုယ်နဲ့ ဘာမှတောင်မပတ်သက်ရသေးဘူး။ မိန်းမ, အတိတ်တွေကိုတစ်ခါတည်းမေ့ထားလိုက်ပါရောလား။ ကျွတ်. . . ကျွတ်. . . သနားစရာသတ္တဝါလေး"

ဟု ယဉ်ယဉ်က ပြောလိုက်လေရာ. . .

"ဟဲ့. . . မိရွှေစင်, နင်မေ့သွားပြီလား။ ခင်ထားအစ်မ မီးဖွားတာ သွားကြည့်ကြမယ်ဆိုတာလေ"

ဟု ဝင့်ဝါက ပြောလိုက်လေ၏။

"မလိုက်ချင်တော့ဘူးကွာ။ ကျောင်းပိတ်တုန်း အနားယူပြီး





အိပ်လိုက်ဦးမယ်။ မိုးကျရွှေကိုယ်နဲ့ အပိုင်း (၂)ကို ဆက်ပြီးအိပ်မက်မက်ရဦးမှာ"

ဟု ရွှေစင်က အတည်ပေါက်နှင့်ပြောလိုက်သော်လည်း ယဉ်ယဉ်နှင့်ဝင့်ဝါတို့သည် ရွှေစင်အား အတင်း ခုတင်ပေါ်က ဆွဲချကာ ရေချိုးရန် အတင်းဆွဲလားရမ်းလားနှောင့်ယှက်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အနာနှင့်ဆေးတွေ့သောအခါ

**ရွှေ**စင်၊ သူငယ်ချင်းခင်ထား၏အစ်မ မီးဖွားသဖြင့် ယဉ်ယဉ်၊ ဝင့်ဝါနှင့်အတူ SSC ဆေးခန်းသို့ စိတ်မပါလက်မပါဘဲနှင့် အတင်းခေါ်သဖြင့် လိုက်ခဲ့ရလေတော့၏။

SSC ဆေးရုံပေါ်သို့ရောက်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ. . .

"မိုးထဲကနှင်းဆီ"

ဟု ယောကျ်ားတစ်ဦး၏ခေါ်သံကြောင့် ရွှေစင်လှည့်ကြည့်ရာ တစ်ခါမှမမြင်ဖူးသောယောကျ်ားသားတစ်ယောက် ဖြစ်လို့နေလေ၏။

"ခင်ဗျား. . . မိုးထဲကနှင်းဆီမဟုတ်လား"

ဟု ရွှေစင်မသိသောယောကျ်ားသားတစ်ဦးက မေးလိုက်ရာ ရွှေစင်မှာ လွန်စွာမှအံ့သြသွား၏။ ထို့အတူ ယဉ်ယဉ်နှင့်ဝင့်ဝါတို့မှာလည်း ရွှေစင်ပြောဖူးပြီးသားဖြစ်သောကြောင့် မိုးထဲကနှင်းဆီဆိုတာသိနေကြ၏။

"ရှင်က ဘယ်သူလဲ"

ဟု ရွှေစင်က မသိသောသူကို အရဲစွန့်၍မေးလိုက်ရာ. . .

"ကျွန်တော်က မိုးကျရွှေကိုယ်. . . အဲလေ. . . မိုးကိုကိုရဲ့သူငယ်ချင်းပါ"

ဟုပြောလိုက်လေ၏။





ရွှေစင်မှာ 'မိုးကျရွှေကိုယ်' ဟုစကားကြောင့် လွန်စွာမှစိတ်ဝင်စားဖြစ်ကာ. . .

"သူက. . . ဘယ်မှာလဲ"

ဟု မေးလိုက်မိလေ၏။

"မိုးကို. . . ဒီဆေးရုံမှာတက်နေတယ်"

ဟု သူ့ရဲ့သူငယ်ချင်းက ပြောလိုက်ရာ. . .

"ရှင်! "

ဟုဆိုကာ ရွှေစင်ပင် အံ့သြသည်မဟုတ်။ ယဉ်ယဉ်နှင့်ဝင့်ဝါ တအံ့တသြဖြစ်သွားကြကုန်၏။

"ဟုတ်ပါတယ်။ မိုးထဲက နှင်းဆီဆိုတဲ့ ခင်ဗျားနဲ့မိုးရေထဲမှာ လျှောက်ပြီးအပြန်မှာ မိုးကိုကိုက ခင်ဗျားနဲ့တွေ့ခဲ့တာကို သူက တော့်ကိုပြောပြပါတယ်။ ခင်ဗျား. . . မိုးထဲမှာ ထီးမဆောင်းဘဲ လျှောက်နေတာ။ ကျွန်တော်နဲ့မိုးကိုကိုတို့က အမြဲတမ်းတွေ့နေ မိုးကိုကိုက ခင်ဗျားကို မိုးထဲကနှင်းဆီဆိုပြီးအမည်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေ၏။ ၎င်း၏နာမည်မှာ မင်းသိမ်းခိုင်ဟူ
ဖြစ်လေ၏။

"သူ, အခုဘယ်လိုနေသေးလဲ"

ဟု ရွှေစင်ကမေးလိုက်ရာ မင်းသိမ်းခိုင်က. . .

"ခင်ဗျားနဲ့ မိုးရေထဲမှာအတူလမ်းလျှောက်ပြီးပြန်လာ
မိုးကို, တုန်နေအောင်ချမ်းနေတယ်။ ဒါနဲ့ သူ့ကိုအိမ်အရောက် လိ
ပို့ပေးရတယ်။ ည ၉ နာရီလောက်မှာ သူ့အဖေက ကျွန်တော်
ဖုန်းဆက်ပြီးခေါ်တယ်။ ခေါ်ရတဲ့အကြောင်းက မိုးတို့အပူတွေ
အားကြီးပြီး ကယောင်ကတမ်းတွေဖြစ်နေတယ်။ မိုးထဲက နှင်
. . . မိုးထဲကနှင်းဆီဆိုပြီး အော်ဟစ်ပြီးသတိလစ်သွားတယ်
ကြောင့် ဒီကိုရောက်လာတာ. . .။ ပြီးတော့ သူကပြောသေးတ
နောက်ပြီး မိုးထဲကနှင်းဆီ သူ့ဆီကိုလာနေပြီ. . . လာနေပြီ
သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေတယ်။ အခုလည်း သတိ
သေးဘူး။ ကျွန်တော်လည်း ခင်ဗျားကိုဘယ်ရှာရမှန်းမသိဘူး
ဖြစ်ချင်တော့ ဒီနေ့က ကျောင်းပိတ်ရက်လေ"





ဟု ပြောလိုက်လေ၏။

"သူ့ကို ကျွန်မ, တွေ့ချင်လိုက်တာ"

ဟု ရွှေစင်က မရဲတရဲပြောလိုက်ရာ. . .

"ဟာ! ဝမ်းသာလိုက်တာဗျာ"

ဟုဆိုကာ မင်းသိမ်းခိုင်က ဦးဆောင်ခေါ်သွားသဖြင့် ၎င်း
ာက်မှ ရွှေစင်၊ ရွှေစင်နောက်မှ ယဉ်ယဉ်နှင့်ဝင့်ဝါတို့လည်း ကန့်
န့်ကန့်လန့်ဖြင့်လိုက်သွားရလေတော့၏။

"ဟင်"

အခန်းထဲသို့ရောက်သည့်အခါ သူ, ခုတင်ပေါ်၌ပက်လက်
လေး။ ဆရာဝန်တစ်ဦးက ကြည့်နေသလို သူ၏ မိခင်၊ ဖခင်ဖြစ်
တူသောလူကြီးနှစ်ယောက်မှာ ၎င်းတို့၏လူနာကို စိတ်မချမ်း
ာကြည့်ရှုနေ၏။ ထိုအချိန်၌ လွန်စွာမှထူးဆန်းစွာ သတိမေ့
နေသောသူမှာ ပါးစပ်လေးဟလာသဖြင့် အားလုံးက ဝမ်းသာ
ရဖြစ်သွားကြ၏။

"မိုး. . . မိုး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသော အသံထွက်လာပြီးလျှင်. . .

"မိုး. . . ထဲ. . . က. . . နှင်းဆီလာပြီ"

ဟုပြောလိုက်သဖြင့် အားလုံးက လွန်စွာမှအံ့သြကြကုန်၏။

ထိုအချိန်၌ ရွှေစင်သည် သူအနားသို့ကပ်ကာ. . .

"မိုးကျရွှေကိုယ်"

ဟု ညင်သာစွာခေါ်လိုက်လေ၏။

သူ မျက်လုံးကိုအားယူ၍ဖွင့်လိုက်၏။ ထို့နောက် ပြန်ပိတ်ပြီး တစ်ဖန်ပြန်ဖွင့်လိုက်လေ၏။

"မိုးထဲကနှင်းဆီ"

ဟုပြောလိုက်ရာ ရွှေစင်က. . .

"မိုးကျရွှေကိုယ် သတိရလာပြီလား"

ဟု မေးလိုက်ရာ သူကပြုံး၍ခေါင်းညိတ်လိုက်လေ၏။

သူ့ရဲ့လက်ကလေးကို ဘာရယ်မသိ ရွှေစင်ဆုပ်ကိုင်လိုက်လေရာ သူလွန်စွာမှကြည်နူးဝမ်းမြောက်စွာ ခံစားလိုက်ရလေ၏။

"သူနေကောင်းသွားမှာပါ"





ဟု ရွှေစင်ကပြောလိုက်ရာ သူပြုံး၍ ရွှေစင်အားကြည့်နေမိ၏။

ထိုအချိန်၌ ဆရာဝန်က အောက်ပါအတိုင်း. . .

"ဟင့်. . . အံ့ခ်ုမှုပဲ အနာနှင့်ဆေးတွေ့တော့တယ်"


ဟုပြောလိုက်ရာ အားလုံးက လွန်စွာမှ သဘောကျ၍ရယ်ကြကုန်၏။

ရယ်သံတွေကြောင့် ရွှေစင်မှာ ရှက်သွေးဖြာသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## မိုးကျရွှေကိုယ်နှင့် မိုးထဲကနင်းဆီ

“မိုးရေထဲမှာ လမ်းထွက်လျှောက်ချင်လိုက်တာ”

ဟု သူကပြောလိုက်သဖြင့် ရွှေစင်မှာ လွန်စွာမှသဘောကျ၍ ရယ်လိုက်ပြီးနောက်. . .

“တော်ပါတော့, မိုးကျရွှေကိုယ်ရယ်”

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေ၏။

"မိုးရေထဲမှာ လမ်းထွက်လျှောက်လို့ မိုးထဲကနှင်းဆီနဲ့"

ဟု သူက စကားကိုရပ်လိုက်ပြီးနောက် ရွှေစင်အား စိုက် ကြည့်လို့နေလေရာ. . .

"ဘာလို့ လူကိုစိုက်ကြည့်နေတာလဲ"

ဟု ရွှေစင်က သူ့အားပြောလိုက်လေ၏။

သူ ဆေးရုံကဆင်းလာပြီး နေကောင်းသွားပြီးနောက် မိုးကို နှင့် ရွှေစင်တို့မှာ ချစ်သူတွေဘဝရောက်သွားကြသည်ကို ရေးသာ ရန်လိုမည်မထင်တော့ချေ။

၄င်းတို့သည် လွန်စွာမှချစ်ကြသည့်ချစ်သူများဖြစ်ကြပြီး ရွှေ စင်က သူ့အား 'ကိုကို' ဟုခေါ်၏။ တစ်ခါတစ်ရံ 'မိုးကျရွှေကိုယ် 'မိုးကျကိုယ်တော်' ဟုခေါ်တတ်၏။

သူကလည်း 'ရွှေစင်'ဟုပင်ခေါ်သလို 'မိုးထဲကနှင်းဆီ' ဟု လည်း ခေါ်တတ်ပြန်၏။ ၄င်းတို့၏ချစ်ခြင်းသည်ကား အနှောင့် အယှက် အတားအဆီးကင်းစွာဖြင့် ချစ်ခရီးကိုအဆုံးလျှောက်ကြ





လေ၏။

၄င်းတို့ချစ်သူနှစ်ဦးသည် ချစ်သူဘဝ၌ပင် အချစ်နယ်မကျူး လွန်ရန်အတွက် စည်းကမ်းရှိစွာနေတတ်ကြ၏။ တစ်ဦးနှင့်တစ်ဦး သဝန်တိုခြင်း၊ စိတ်ကောက်ခြင်း၊ အပြစ်မြင်ခြင်းမရှိကြ။ ပြဿနာ တစ်ခုဖြစ်ခဲ့ပါလျှင် ခေါင်းအေးအေးထားပြီး အကောင်းဆုံးနည်း လမ်းကိုရှာဖွေ၍ ဖြေရှင်းကြ၏။ မဖြစ်ခင်ကတည်းက ဖြေရှင်းကြ ၏။

၄င်းတို့သည် တစ်ဦးနှင့်တစ်ဦး လေးလေးစားစားချစ်ကြရ ၏၊ ပြဿနာဆိုတာ သူတို့ဘဝမှာ မရှိကြချေ။ လွန်စွာမှ စိတ်ချမ်း သာကြသည့်ချစ်သူများဖြစ်ကြကုန်၏။

၄င်းတို့၏ချစ်သူနှစ်ဦးကိုလည်း မိတ်ဆွေအပေါင်းအသင်း များက လွန်စွာမှအားကျကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## လှပင်လေလား၊ တမ္ဘေလား

**အာ**ပြင်ဘက်၌, မိုးသည် သည်းထန်စွာ ရွာသွန်းလျက်ရှိလေ၏။ သစ်ပင်၊ ပန်းပင်များမှာ လေပြင်းတစ်ချက် ဝှေ့လိုက်တိုင်း ဝင်းခနဲ၊ ဝင်းခနဲလင်းလက်သွား သောကောင်းကင်ကို နောက်ခံပြု၍ ကြောက်မက်ဖွယ်ရာ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com

အကတစ်မျိုးကို ကပြနေသကဲ့သို့ လှုပ်ယမ်းလျှက်ရှိလို့နေလေ၏။

မိုးခြိမ်းသံတွေ အဆက်မပြတ်ကြားရသည့်အချိန်၌ ဖုန်းသံမှာ မသဲမကွဲကြားလိုက်ရလေ၏။ သို့သော် မဖြစ်နိုင်ဘူးအထင်နှင့် ကြည့်လက်စဗီဒီယိုဇာတ်ကားကို ဆက်ကြည့်နေမိ၏။ ခဏကြာသောအခါ မိုးရွာနှုန်း ပါးသွား၏။ မိုးခြိမ်းသံ မကြားရတော့ချေ။ လျှပ်စီးကတော့ ဝင့်ခနဲလက်လို့နေလေ၏။ ထိုအချိန်၌ ဖုန်းသံမြည်လာသဖြင့် ထိုအသံကိုကောင်းစွာကြားလိုက်ရသဖြင့် မိခင်ဖြစ်သူက ဗီဒီယိုကြည့်နေရင်းမှထ၍ ဖုန်းခွက်ကိုကောက်ကိုင်လိုက်ပြီးလျှင်...

"ဟဲ့လို"

"....."

ဟုတစ်ဖက်ကမေးရာ...

"သြော်...ရှိတယ်သမီး။ ခဏနော်"

ဟုပြောလိုက်၏။ ထို့နောက်...

"သမီးရေ...ဖုန်း...ယဉ်ယဉ်"





ဟုမိခင်က ပြောလိုက်လေ၏။

ဗီဒီယိုကြည့်နေသောဝင့်ဝါမှာ ထ၍...

"ဟဲလို"

ဟုပြောလိုက်ရာ တစ်ဖက်က...

"....."

ဟုပြောလိုက်လေ၏။

"ဘာ! ဘယ်လို...ဘယ်လို"

ဟုဝင့်ဝါက ပြန်မေးလိုက်ရာ တစ်ဖက်က...

"....."

ဟုပြောလိုက်လေ၏။

"ဟုတ်လို့လားအေ"

ဟုဝင့်ဝါက ထပ်မေးလိုက်ရာ တစ်ဖက်က...

"....."

ဟုပြောလိုက်လေ၏။

"ဟုတ်တယ်ဟုတ်လား...ယဉ်ယဉ်၊ နင်ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ဟုဝင့်ဝါက သေချာအောင် ထပ်မေးလိုက်ပြန်ရာ တစ်ဖ

က. . .

". . . . ."

ဟုထပ်ပြောလိုက်လေ၏။

ဖုန်းကိုင်ထားသောဝင့်ဝါမှာ တွေဝေဝေးမောလို့နေရာ တ

ဖက်က. . .

". . . . ."

ဟုမေးလိုက်လေ၏။

"ဩော်. . . အေးအေး. . . ငါစိတ်မကောင်းဖြစ်သွားလို

ယဥ်ယဥ်ရယ်"

ဟုပြောလိုက်ပြီး မျက်ရည်များ စီးကျလို့လာလေတော့

ထို့နောက် တစ်ဖက်ကဖုန်းလည်း ချသွားသဖြင့် ဝင့်ဝါလည်း

ချလိုက်လေ၏။

"သမီးဝင့်ဝါ၊ ဘယ်သူဘာဖြစ်လို့လဲ"

ဟုမိခင်က မေးလိုက်ရာ ဝင့်ဝါ မျက်ရည်များကိုသုတ်လ



ပြီးလေးလေးပင်ပင်သက်ပြင်းတစ်ခုကိုချလိုက်ပြီးနောက်. . .

"မိုးကိုကို ဆုံးလို့တဲ့အမေရေ"

ဟုဝင့်ဝါပြောလိုက်လေတော့၏။

ဝင့်ဝါ၏စိတ်မနောအာရုံထဲတွင် ရွှေစင်၏ရုပ်လွှာပေါ်လာ

သဖြင့် လွန်စွာမှဝမ်းနည်းကြေကွဲရလေတော့၏။

ဝင့်ဝါသည် ဇီဇီယိုဆက်ပြီးကြည့်ချင်သောစိတ်ဖြစ်ပေါ်ခြင်း

မရှိတော့သဖြင့် ဝရန်တာသို့ထွက်လာခဲ့ရလေတော့၏။

ညသည် ၁၀ နာရီကျော်၍ ၁၁ နာရီမရှိတရှိအချိန်ဖြစ်၏။

မိုးရွာပြီးခါစဖြစ်၍ လမ်းပေါ်၌ လူသွားလူလာရှင်းကာ တိတ်ဆိတ်

သို့နေလေ၏။

ဝင့်ဝါသည် တိုက် (၇)လွှာမှ ဘာရယ်မဟုတ်၊ အောက်သို့

ကြည့်မိလို့နေ၏။ စိတ်ထဲ၌လည်း လွန်စွာမှမွန်းကျပ်လို့နေလေ၏။

အချစ်ဆုံးသူငယ်ချင်းရွှေစင်အတွက်လည်း လွန်စွာမှစိတ်မကောင်း

ဖြစ်လို့နေလေ၏။

အဝေးဆီမှ မော်တော်ကားတစ်စီး အပြင်းမောင်းနှင်းလာ


www.burmeseclassic.com

www.burmeseclassic.com


သည့်အသံသည် လွန်စွာမှတိတ်ဆိတ်နေသောအချိန်ကို စိတ်ကသိကအောက်ဖြစ်အောင်ပြုလုပ်လိုက်လေ၏။

အပြင်းအထန်မောင်းလာသောမော်တော်ကား၏ ဆူညံသံကြောင့် တွေးတောငေးမောနေသောဝင့်ဝါမှာ ကား၏မောင်းနှင်လာသောအရပ်ဆီသို့ ၎င်း၏မျက်လုံးများ ရောက်သွားလေတော့၏။

ထိုမော်တော်ကားသည် ဝင့်ဝါတို့တိုက်ခန်း၏တောင်ဘက်ဆီမှအပြင်းမောင်းလာ၏။ အပြင်းမောင်းလာသောမော်တော်ကားသည် ဝင့်ဝါတို့၏တိုက်ခန်း၏တစ်ဖက်သို့. . .

"ကျွီ" ဟူသောအသံကြီးမြည်ကာဖြင့် ရပ်လိုက်လေ၏။ ထိုကားသည် ဝင့်ဝါတို့၏တိုက်တည့်တည့်သို့ရပ်လိုက်သဖြင့် ဝင့်ဝါ၊ အပေါ်စီးမှ လမ်းမီးရောင်ဖြင့် ထိုကားကိုအတိုင်းသားမြင်တွေ့လိုက်ရလေ၏။

ဝင့်ဝါ၊အပေါ်စီးမှကြည့်နေရင်း ထိုမော်တော်ကားထဲမှ လူတစ်ယောက်၊ အထုပ်အပိုးတွေနှင့်ဆင်းလာသည်ကိုတွေ့ရပြန်၏။



"အချိန်မတော် ဘယ်ကလူလဲ"

ဟု ဝင့်ဝါစိတ်ထဲ၌ တွေးတောနေစဉ် အပြင်းမောင်းနှင်လာသောမော်တော်ကားမှာ မူလအတိုင်း. . .

"ဝူး"

ခနဲမြည်အောင် မောင်းထွက်သွားပြန်၏။

ထိုကားထွက်သွားသည့်တိုင်အောင်ပင် အထုပ်အပိုးနှင့်လူသည် တခြားတစ်နေရာသို့ထွက်သွားခြင်းမပြုဘဲ ရပ်၍နေလေ၏။ ထိုလူအား ဝင့်ဝါက အပေါ်စီးမှကြည့်မကြည့်နေစဉ် အထုပ်အပိုးနှင့်လူသည် ဖတ်ခနဲအပေါ်သို့ကြည့်လိုက်ရာ အပေါ်စီးမှကြည့်နေသောဝင့်ဝါမှာ. . .

"အမယ်လေး! "

ဟုလွန်စွာမှ တထိတ်တလန့်ဖြင့်အော်လိုက်လေ၏။

"ဟဲ့သမီးဝင့်ဝါ. . . ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ဟု ဗီဒိုယိုကြည့်နေသောမိခင်က အော်၍မေးလိုက်ရာ. . .

"သ. . . သ. . . သ. . . သရဲ"


www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်လေ၏။ ထိုအခါ မိခင်ဖြစ်သူမှာ သမီးဖြစ်သူ ရှိရာဝရန်တာသို့ အပြေးအလွှားရောက်လာပြီး . . .

"ဘယ်မှာလဲ . . . ဘယ်မှာလဲ"

ဟု မေးလိုက်လေ၏။

"တစ္ဆေ . . . တစ္ဆေ . . . ဟို . . . ဟိုမှာ . . . ဟိုမှာ"

ဟုဆိုကာ ဝင့်ဝါက မိခင်အားဖက်၍ပြောလိုက်လေ၏။

မိခင်လည်း သမီးဝင့်ဝါလက်ညှိုးထိုးရာသို့ကြည့်လိုက်ရာ . . .

"ဟဲ့သမီး . . . ဘယ်မှာလဲတစ္ဆေသရဲ, ဘယ်မှာလဲ။ မရှိပါလားကွယ့်"

ဟု ပြောလိုက်လေ၏။

ဝင့်ဝါသည် မိခင်အားဖက်ထားရင်း မရဲတရဲအောက်သို့ ကြည့်လိုက်ရာ . . .

"ဟင် . . . မရှိတော့ပါလား။ စောစောက မိုးကိုကိုတွေ့လိုက်ရတယ်"

ဟု ကြောက်စိတ်မပြေသေးဘဲ ဝင့်ဝါကပြောလိုက်လေ၏။





"သမီးရယ် . . . စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်"

ဟု မိခင်ကပြောလိုက်လေ၏။

ဝင့်ဝါသည် သူ့ကိုမြင်လိုက်ရသည့်အတွက် လွန်စွာမှချောက်ချားသွားကာ ရင်ခုန်သံနှုန်းမှာ လွန်စွာမှမြန်လို့နေလေ၏။

"လာပါ . . . သမီးရယ်။ အချိန်လည်းမရှိတော့ပါဘူး"

ဟုပြောပြီးနောက် မိခင်က သမီးအားပခုံးဖက်ကာ အိမ်ထဲသို့ပြန်ဝင်မည်အပြုတွင် ဝင့်ဝါသည် ဝရန်တာပေါ်မှအောက်သို့ သမင်လည်ပြန်ကြည့်လိုက်ရာ . . .

"အမယ်လေး . . . ဟိုဟို . . ."

ဟုဆိုကာ လက်ညှိုးထိုး၍ မိခင်အားပြလိုက်ရာ၊ မိခင်မှာ မြန်ကြည့်မိ၏။

"ဘာမှလည်းမရှိပါလား"

ဟု ပြောလိုက်ပြီးနောက် သမီးအား အိမ်ထဲသို့ခေါ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲလည်းသူလာနေတယ်

# "ယဉ်ယဉ်"

ဟုခေါ်သံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ..

"ဟင်... ဘယ်သူမှလည်း မတွေ့ပါလား"

ဟု ရှေ့မြောက်ဝဲယာ ကြည့်လိုက်ပြီးနောက် ယဉ်ယဉ် တိုးတိုးလေးရေရွတ်လိုက်၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏တစ်ကိုယ်လုံး ကြက်သီးများအလိုလိုထလာ၏။

ယဉ်ယဉ်မည်သို့ဖြစ်သည်မသိ။ ရင်ထဲ၌ တလှပ်လှပ်ခုန်ကာ အထိတ်အလန့်ဖြစ်လို့နေလေ၏။

## "ယဉ်ယဉ်"

ဟု ထပ်မံခေါ်သံကြားရပြန်၏။

အသံကြားရသည်နှင့် တစ်ပြိုင်တည်း ယဉ်ယဉ်မှာ ဇတ်ခနဲ လှည့်ကြည့်လိုက်ရာ

"ဟင်. . . ဘယ်သူကများ ငါ့နာမည်ကိုခေါ်နေပါလိမ့်"

ဟုပြောလိုက်ပြန်၏။

ယဉ်ယဉ်သည် ၎င်း၏နာမည်ကို ထပ်မံခေါ်လေမလားလို့ ရှေ့နောက် တောင်မြောက်ကိုကြည့်မိပြီး လွန်စွာမှအရိပ်ကောင်းသောသစ်ပင်ကြီးဆီသို့ တရွေ့ရွေ့လျှောက်လာခဲ့လေ၏။

ထိုလွန်စွာမှအရိပ်ကောင်းသောသစ်ပင်ကြီးဆီသို့ ယဉ်ယဉ် လျှောက်လာ၍နေသော်လည်း သစ်ပင်ကြီးထံသို့ တော်တော်နှင့်





မရောက်နိုင်ချေ။ ထိုအခါ ယဉ်ယဉ်မှာ လွန်စွာမှပင်မောပန်းလို့နေလေ၏။ အာခေါင်များလည်း ခြောက်ကပ်လို့နေသဖြင့် ရေငတ်ခြင်းဝေဒနာကိုခံစားလိုက်ရလေ၏။

"သစ်ပင်ကြီးဆီကို မရောက်ရောက်အောင်သွားမယ်။ ဟိုကျမှပဲ ခြေပစ်လက်ပစ်နားပစ်လိုက်မယ်"

ဟုတွေးတောကာ လွန်စွာမှအရိပ်ကောင်းသောသစ်ပင်ကြီးဆီသို့ ယဉ်ယဉ်ခမျာ ဇွဲလုံ့လဖြင့်လျှောက်လာခဲ့လေ၏။

သစ်ပင်ကြီးအောက်သို့ရောက်သည့်အခါ လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူသည် ဂျင်းဘောင်းဘီကိုဝတ်ထား၏။ အင်္ကျီအညိုအကွက်လေးကိုလည်း ဝတ်ဆင်ထားပြန်၏။ ဦးခေါင်းတွင် ဂျင်းဦးထုပ်လေးကိုဆောင်းလို့ထား၏။ ၎င်းက ယဉ်ယဉ်အား ကျောပေးထားပြီး ရေသန့်ဘူးကိုမော့သောက်နေသည်ကိုတွေ့လိုက်ရလေ၏။

ထိုလူ ရေသောက်နေသဖြင့် ယဉ်ယဉ်မှာ ပိုမိုရေငတ်လာသလိုခံစားလိုက်ရ၏။ ထို့နောက် ရှက်စိတ်များကင်းမဲ့စွာဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရေအလွန်ငတ်နေလို့ ရေလေးတစ်ငုံလောက် တိုက်ပါလားရှင်"

ဟု ရေတောင်းသောက်လေတော့၏။

ထိုလူသည် ယဉ်ယဉ်ဘက်သို့လှည့်၍ ယဉ်ယဉ်အား ရေသန့်ဘူး လှမ်းပေးလိုက်၍ ယဉ်ယဉ်မှာ ဇက်ခနဲဆွဲယူပြီး မော့သောက်လိုက်လေ၏။

၎င်း၏ဗိုက်ထဲသို့ ရေများဝင်သွားပြီးနောက် ၎င်းအား ရေဘူးပြန်ပေးလိုက်ပြီး ယဉ်ယဉ်က ၎င်းအားကြည့်ပြီး. . .

"ကျေးဇူးတင်ပါတယ်ရှင်။ ဟင်. . . မိုး. . . ကျ. . . ရွှေ. . . ကိုယ်"

ဟု နှုတ်မှထွက်သွားလေ၏။

သူသည် ယဉ်ယဉ်ထံမှ ရေသန့်ဘူးကိုပြန်မယူဘဲ လက်ပိုက်၍

"ဟုတ်ပါတယ်. . . ယဉ်ယဉ်။ မိုးထဲကနှင်းဆီရဲ့. . . မိုးကျရွှေကိုယ်ပါ"





ဟု တည်ငြိမ်စွာဖြင့်ပြောလိုက်လေ၏။

"နင်. . . နင်. . . သေသွားပြီဆို"

ဟု ယဉ်ယဉ်က လန့်ဖျပ်၍ပြောလိုက်ရာ ၎င်းက. . .

"ဟုတ်တယ်လေ. . . သေသွားပြီလေ. . . သေသွားလို့ ငါ"

ဟုစကားကိုရပ်လိုက်လေ၏။ ထိုအခါ ယဉ်ယဉ်မှာ. . .

"ဒါဆို. . . နင်. . . နင်. . . ငါ့ကို သရဲတစ္ဆေအဖြစ်လာခြောက်တာလား"

ဟု လွန်စွာမှကြောက်လန့်ကာ ပြောလိုက်လေတော့၏။

"မ. . . မဟုတ်ပါဘူးဟာ။ ငါပြောပါရစေဦး"

ဟု သူက တောင်းပန်သော်လည်း ယဉ်ယဉ်မှာ လွန်စွာမှကြောက်လန့်ကာ

"သရဲ. . . သရဲ. . . သရဲ"

ဟုအော်ဟစ်ကာ အိပ်ရာမှ လန့်နိုးသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# ကြောက်ရွံ့၍ တုန်မိပါသည်

“ငါ အတော်ကြောက်လိုက်တာ . . . ယဉ်ယဉ်ရယ်”

ဟု ဝင့်ဝါက ပြောလိုက်လေ၏။

“ငါလည်းကြောက်လို့ ဘုရားစာတွေ မပြတ်ရွတ်ဖတ်နေတာ။ နောက်ရက်တွေ . . . တစ်ယောက်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တည်းမအိပ်ရဲလို့ ငါ့ညီမကိုအဖော်ခေါ်ပြီးအိပ်ရတယ်"

ဟု ယဉ်ယဉ်ကပြောလိုက်ရာ ဝင့်ဝါက. . .

"နင်က အိပ်မက်မက်နေတာဆိုတော့ တော်သေးတာ။ ငါက ဖုန်းထဲမှာ သူဆုံးတာကြားရပြီး စိတ်မကောင်းလို့ ဝရန်တာထွက်ပြီး စိတ်ဖြေနေတုန်း ကားပေါ်ကဆင်းလာတဲ့သူ့ကိုတွေ့လိုက်ရတာ။ ကြောက်လိုက်တာဟယ်။ ဘယ်လိုပြောရမှန်းတောင်မသိဘူး"

ဟုပြောလိုက်လေ၏။

"ငါတော့ မိုးကိုကိုဟာ သေဆုံးပြီး သရဲတစ္ဆေဘဝနဲ့ ငါတို့ကို လာခြောက်တာများလားမသိဘူး"

ဟု ယဉ်ယဉ်ကပြောလိုက်ရာ. . .

"အေး. . . ဖြစ်နိုင်တယ်။ ငါတို့ကိုတောင် အရိပ်အယောင် တွေပြတာ ရွှေစင်ကိုဘယ်လိုလုပ်မလဲမသိဘူး"

ဟု ဝင့်ဝါကပြောလိုက်၏။

"မကျွတ်လို့ ငါတို့ကို သရဲတစ္ဆေဘဝနဲ့ လာခြောက်တာပေါ့ ဟ့"





ဟုပြောလိုက်လေ၏။

"ဝင့်ဝါ, ငါတော့ တို့ဖြစ်တဲ့အကြောင်းတွေကို ရွှေစင့်ကိုသွား ပြောရင်မကောင်းဘူးလား"

ဟု ယဉ်ယဉ်ကပြောလိုက်၏။

"အေး. . . ကောင်းတယ်။ ငါလည်း နင့်ကိုပြောမလို့။ ငါတို့ ကိုတောင် မိုးကိုကိုက အရိပ်အယောင်ပြပြီးခြောက်နေတာ။ ရွှေစင့် ကိုဆိုရင်တော့. . . ဟင်း"

ဟု ဝင့်ဝါက ဆက်မပြောရဲတော့ဘဲ စကားကိုရပ်ထားလိုက် ရာ ယဉ်ယဉ်က. . .

"ကဲပါဟယ်. . . နင်အားတယ်မဟုတ်လား။ ငါတို့ ရွှေစင့်ဆီ သွားရအောင်"

ဟု ပြောလိုက်ပြီး ၄င်းတို့နှစ်ဦး ရွှေစင်တို့အိမ်သို့ထွက်ခဲ့ကြ လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



## တစ်ရံတစ်ခါဆီသို့

# "ဘဘ"

ဟု ကျယ်လောင်စွာ ပြောလိုက်သည့်စကားကြောင့် ယဉ်ယဉ်နှင့် ဝင့်ဝါတို့မှာ လွန်စွာမှ တထိတ်တလန့်ဖြစ်သွားကြလေ၏။ ထို့နောက်. . .

"နင်တို့ မဟုတ်, မဟုတ်တာတွေမပြောနဲ့နော်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှေစင်ကပြောလိုက်ရာ ၄င်းတို့နှစ်ဦးမှာ ပြောမည့်စကား တွေမပြောဘဲ တိတ်ဆိတ်စွာနေလိုက်ကြ၏။

"ငါတောင်းပန်ပါတယ်ဟယ်။ ကိုကိုနဲ့ပတ်သက်ပြီး မဟုတ်တာတွေ မပြောပါနဲ့ဟယ်။ ငါတောင်းပန်ပါတယ်"

ဟု ရွှေစင်က တောင်းပန်စကားပြောပြီးနောက် အဝေးတစ်နေရာဆီသို့ အကြည့်ရောက်သွားလေ၏။

ယဉ်ယဉ်နှင့် ဝင့်ဝါတို့နှစ်ဦးမှာလည်း သူငယ်ချင်းဖြစ်သူ ရွှေစင်အားကြည့်၍ လွန်စွာမှစိတ်မကောင်းဖြစ်လို့နေ၏။

ယဉ်ယဉ်နှင့်ဝင့်ဝါတို့နှစ်ဦးသားသည် မိုးကိုကိုနှင့်ပတ်သက်ပြီး တွေ့ရကြုံခဲ့ရတာတွေကို ရွှေစင်အားပြောပြခဲ့ရသည့်အကြောင်းတွေကိုပြောပြရာ ရွှေစင်မှာ လုံးဝအယုံအကြည်မရှိခဲ့ချေ။

"ရွှေစင်ရယ်. . . နင်နဲ့တို့တစ်တွေဟာ သူငယ်ချင်းတွေပါ။ တို့က မဟုတ်မဟတ်လုပ်ကြံပြီးပြောပါ့မလားဟယ်"

ဟု ဝင့်ဝါက ပြောလိုက်လေ၏။

ထိုအခါ ယဉ်ယဉ်ကလည်း. . .





"ဟုတ်ပါတယ်ရွှေစင်ရယ်။ ဝင့်ဝါပြောတာမှန်ပါတယ်။ ငါလည်း မိုးကိုကိုနဲ့ပတ်သက်ပြီး အမှန်တကယ်ပြောတာပါ။ အခုကိစ္စတွေဟာလည်း လိမ်ညာပြီးပြောရတာ၊ နောက်ပြောင်ရမယ့်ကိစ္စတွေမှမဟုတ်တာဘဲရွှေစင်ရယ်"

ဟုပြောလိုက်လေ၏။

ရွှေစင်မှာ တစ်စုံတစ်ရာပြန်ပြောခြင်းမရှိဘဲ အဝေးသို့သာ ငေးမောကြည့်ရှုနေလေ၏။ မျက်ဝန်းမှလည်း မျက်ရည်များ ပါးပြင်ပေါ်သို့စီးဆင်းလာ၏။

ရွှေစင်ငိုကြွေးခြင်းမရှိ။ ၄င်း၏မနောသည် တစ်ရံတစ်ခါဆီဆီ အတိတ်ဆီသို့ရောက်ရှိသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## လက်ရေချိုး၍ ပျော်နေမယ်

**သူ**တို့နှစ်ဦး တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိကြ။ အတွေးကိုယ်စီနှင့် နေကြလေ၏။ ရွှေစင့်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသည့်အတွက် မိုးကိုကို ၎င်းအား ကြည့်လိုက်မိ၏။ ထို့နောက် မိုးကိုကိုက ရွှေစင်၏လက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ယုယုကြင်နာစွာဖြင့် ကိုင်လိုက်လေ၏။

ရွှေစင်လည်း မိုးကိုကိုအား ရီဝေစွာနှင့်ကြည့်လိုက်မိ၏။

"ရွှေစင်. . . အချစ်ရယ်"

ဟု မိုးကိုကိုက ရင်ထဲကအသံလေးနှင့်ပြောလိုက်လေ၏။

"ကိုကိုရယ်. . . ကိုကိုသွားမယ့်ခရီးကို စိတ်ဖြောင့်ဖြောင့်သာသွားပါ။ ရွှေစင်, ကိုကို့ကို သစ္စာရှိစွာဖြင့်စောင့်နေပါ့မယ်"

ဟုပြောလိုက်လေ၏။

"စောစောကတည်းကသာ ရွှေစင်နဲ့ကိုကိုတို့ ချစ်သူတွေသာဖြစ်ခဲ့ရင် ကိုကိုနိုင်ငံခြားသွားဖို့မရည်ရွယ်ပါဘူးကွယ်။ အခုတော့"

ဟု မိုးကိုကို, ၎င်း၏စကားကိုရပ်လိုက်ရာ၊ ရွှေစင်က. . .

"စိတ်မကောင်းဖြစ်မယ့်အကြောင်းတွေ မပြောပါနဲ့တော့။ ကိုကိုလည်း ကိုကိုနိုင်ငံခြားသွားဖို့ကုန်ထားတဲ့ငွေတွေကလည်း နည်းတာမှမဟုတ်တာ။ ကိုကို, ရွှေစင့်အပေါ် သစ္စာရှိဖို့ပဲအရေးကြီးပါတယ်"

ဟုပြောလိုက်လေ၏။





"အို. . . ကိုကို, ရွှေစင့်ကိုဘယ်တော့မှသစ္စာမပျက်ဘူး။ ဘယ်တော့မှသစ္စာမဖောက်ဘူး"

ဟု အလန့်တကြားပြောလိုက်ရာ. . .

"ကိုကို့ကို ရွှေစင်ယုံပါတယ်။ ပြီးတော့ ကိုကို, ရွှေစင့်ကိုလည်းယုံပါ. . .။ အချိန်တန်တော့ ကိုကိုနဲ့ရွှေစင်တို့ဟာ သာယာတဲ့အိမ်ထောင်တစ်ခုကိုထူထောင်ကြမှာပါ"

ဟုပြောလိုက်လေ၏။

"ကိုကို, ရွှေစင့်ကိုယုံပါတယ်။ ကိုကိုစိတ်မကောင်းတာက ကိုကိုတို့ချစ်သူဘဝသက်တမ်းက ဘာမှမကြာသေးဘူး၊ ကိုကိုက နိုင်ငံခြားထွက်ရတော့မယ်ဆိုတော့ စိတ်မကောင်းဖြစ်မိတာပါတွယ်"

ဟု မိုးကိုကိုက ပြောလိုက်ရာ၊ ရွှေစင်က. . .

"ကိုကိုသာ ချစ်သူသက်တမ်းဘာမှမကြာသေးဘူးလို့ ထင်နေပေမယ့် ရွှေစင်ကတော့ ရွှေစင့်အချစ်တွေက နှစ်ပေါင်းများစွာက ချစ်သူတွေလိုပဲအောက်မေ့မိပါတယ်ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေတော့၏။

“ရွှေစင်က ကိုကိုထင်တာထက်အောင် ကိုကို့ကိုပိုပြီးချစ်တတ်နေပါလားကွယ်”

ဟု မိုးကိုကိုက ပြောလိုက်ရာ၊ ရွှေစင်က. . .

“ဒါကြောင့် ရွှေစင်က ကိုကို့ကိုပြောတာပေါ့။ ကိုကိုသွားချင်တဲ့ခရီးကို အေးရာအေးကြောင်းသွားပါ။ ကိုကို့ကိုစိတ်ရှည်ရှည်ထားပြီးစောင့်နေပါ့မယ်”

ဟု ပြောလိုက်လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com



## ဖုန်းသရဲလား ဘာလား

**မိုး**ကိုကို ကွယ်လွန်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး တခြားလူတွေ ယုံချင်ယုံကြပေမယ့် ရွှေစင်ကတော့ လုံးဝမယုံကြည်ချေ။

"ကိုကိုမသေဘူး. . . ကိုကိုမသေဘူး"

ဟု ဆိုကာ စိတ်ဝေဒနာများ



ခံစားနေရ၏။ ထို့ကြောင့် ရွှေစင်၏မိတ်ဆွေအပေါင်းအသင်းများ မိသားစုတွေကပါ လွန်စွာမှစိတ်မကောင်းဖြစ်ကြရ၏။

"ကိုကိုမသေဘူး။ ကိုကိုမသေဘူး။ ကိုကိုမသေဘူး။ ကိုကိုရေ. . . မိုးတွေမည်းလာပြီ။ မကြာခင် မိုးရွာတော့မယ်။ မိုးရွာရင် မိုးရေထဲမှာ ကိုကို့လက်မောင်းလေးကိုကိုင်ပြီး. . . မိုးရေထဲမှာ လမ်းလျှောက်ရအောင်နော်. . . ကိုကို။ ကိုကိုရေ. . . လှာပါတော့ ကျီးကန်းကြီးက တမော့မော့။ ကိုကိုရေ. . . ဟီး. . . ဟီး"

ဟု လွန်စွာမှဝမ်းနည်းပူဆွေးရလေတော့၏။

မိုးကိုကိုသည် ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် (. . . .) နိုင်ငံမှာ ရုတ်တရက်ကွယ်လွန်သွားခဲ့လေ၏။ မိုးကိုကိုနှင့် လုပ်ဖော်ကိုင်ဖက်အချို့က မြန်မာပြည်မှာရှိသော မိုးကိုကိုမိတ်ဆွေ အပေါင်းအသင်း မိတ်ဆွေမျိုးများထံသို့ ဖုန်းဆက်အကြောင်းကြားခဲ့လေ၏။

မိုးကိုကိုကွယ်လွန်ခဲ့ရသည့်သတင်းကို သူငယ်ချင်းအချို့က မိုးကိုကို၏ချစ်သူရွှေစင့်ထံသို့ ဖုန်းဆက်၍ သတင်းပေးခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ...

"ကလင်...ကလင်"

ဟု လွန်စွာမှကျယ်လောင်စွာ ဖုန်းမြည်သံကြားရ၏။ ထိုနေ့က ၂၀၀၁၊ ဩဂုတ်လ (၁)ရက်နေ့ဖြစ်လေ၏။

"ဟယ်လို"

ဟု လွန်စွာမှ ကျယ်လောင်စွာ ပေါ်ထွက်လာသောဖုန်းကို ရွှေစင်ကောက်ကိုင်လိုက်လေ၏။ ရွှေစင်ပြန်၍ဆက်နေသောဖုန်းမှာ ရွှေစင်၏လက်ကိုင်ဖုန်းမဟုတ်ချေ။ ၄င်းတို့အိမ်၌တပ်ဆင်ထားသောဖုန်းပင်ဖြစ်၏။

"....."

တစ်ဖက်ကပြောလိုက်ရာ...

"ဟုတ်ပါတယ်ရှင်...ကျွန်မရွှေစင်ပါ။ အခုပြောနေတာဘယ်သူပါလဲရှင်"

ဟု ရွှေစင်က ပြောလိုက်လေ၏။

"....."





ဟု တစ်ဖက်ကပြောလိုက်ရာ၊ ရွှေစင်က...

"ဘယ်က တောက်ထွန်းလဲ"

ဟု ပြောလိုက်၏။

"....."

တစ်ဖက်ကပြောလိုက်ရာ...

"ရှင်...မကြားရဘူး။ ကျယ်ကျယ်ပြောပါ"

ဟု ရွှေစင်အသံမြှင့်၍ပြောလိုက်၏။

"....."

ဟု တစ်ဖက်က

"ဟဲလို...ဘာမှမကြားရဘူး"

ဟု ရွှေစင်ပြောနေစဉ် ဖုန်းလိုင်းကျသွားလေ၏။

"ဟင့်...ဘယ်ကဖုန်းမှန်းမသိ။ ဖုန်းလိုင်းက, ကျသွားပြန်

ဟုဆိုကာ ဖုန်းကိုပြန်ချ၍ထွက်သွားတော့မည့်အပြုတွင်...

"ကလင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖုန်းသံမြည်လာ၏။

ရွှေစင်လည်း ပြန်လှည့်ကာ ဖုန်းကိုကိုင်လိုက်ရပြန်၏။

"ဟယ်လို"

ဟု ရွှေစင်ပြောလိုက်ရာ တစ်ဖက်ဖုန်းက. . .

". . . . . ."

ဟု ပြောလိုက်လေ၏။

"မကြားရဘူး. . . ကျယ်ကျယ်ပြောပါ"

ဟု ရွှေစင်က စိတ်မရှည်စွာဖြင့် ပြောလိုက်ရာ တစ်ဖက်က လည်း. . .

". . . . . ."

ဟု ပြောပြန်၏။

"ဟွန့်. . . ဘာတွေမှန်းမသိဘူး။ ဖုန်းတစ္ဆေသရဲတွေနဲ့တူ တယ်"

ဟုဆိုကာ ဖုန်းကိုအသံမြည်အောင် ခွက်ခနဲမြည်အောင် ချ လိုက်လေတော့၏။





ထို့နောက် ရွှေစင်လည်း ဖုန်းနားမှထွက်လာစဉ်. . .

"ကလင်"

ဟု ဖုန်းသံမြည်လာသဖြင့်. . .

"တစ္ဆေသရဲတွေပဲဖြစ်မှာ"

ဟု ရွှေစင်ထပ်မံပြောလိုက်ပြီး ဖုန်းကြိုးကို ဖြုတ်လိုက်လေ တော့၏။

ဖုန်းကြိုးဖြုတ်လိုက်ပြီးသောအခါ. . .

"ဟင်. . . အခုမှသတိရတယ်, ငါ့ဖုန်းကိုပါပိတ်ထားမှ။ ကိုကို က ဒီနေ့ညကျမှ ငါ့ကိုဖုန်းဆက်မှာ"

ဟုတွေးတောပြီးလျှင် ၄င်း၏ဖုန်းကိုလည်း ပိတ်ထားလိုက်ရ လေတော့၏။

ဤသို့ဖြင့် ရွှေစင်သည် မိုးကိုကိုသေဆုံးသည့်အတွက် ထိုနေ့ က မသိခဲ့ရချေ။ ရွှေစင်၏သူငယ်ချင်းများဖြစ်ကြသည့် ဝင့်ဝါနှင့် သဉ်ယဉ်တို့ကတော့ မိုးကိုကိုသေဆုံးသွားသည့်သတင်းကို ၂၀၀၁၊ ဩဂုတ်လ (၃)ရက်နေ့ကမှ သိရ၏။ ထို့နေ့မတိုင်မီ ၂၀၀၁၊ ဩဂုတ်



www.burmeseclassic.com

www.burmeseclassic.com

လ (၁)ရက်နေ့ ဝင့်ဝါက မိုးကိုကို့ကို အမှတ်တမဲ့တွေ့လိုက်ရ၏။

ထိုသို့ တစ်ချိန်တည်းမှာပင် ယဉ်ယဉ်ကလည်း မိုးကိုကို့ကို တွေ့လိုက်ရပြန်၏။ ထိုကြောင့် ယဉ်ယဉ်နှင့်ဝင့်ဝါတို့သည် လွန်စွာ မှဝမ်းသာ၍ ရွှေစင့်အားပြောလိုက်ရာ ရွှေစင်က ၎င်းတို့နှစ်ဦးအား မိုးကိုကိုပြန်မရောက်သေးကြောင်းပြောရာတွင် ယဉ်ယဉ်နှင့်ဝင့်ဝါ တို့က မယုံကြချေ။

ထိုရက်များမတိုင်မီ ၂၀၀၁၊ ဩဂုတ်လ (၁)ရက်နေ့မှပင် မိုးကိုကိုသည် (.....)နိုင်ငံတွင် ကွယ်လွန်ခဲ့ရရှာလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

## မယုံဘူး မပြောနဲ့တော့

**မိုး**ကိုကို သေဆုံးသည့် သတင်းကို ရွှေစင်သိရှိရသည့် အချိန်မှာ. . .

"မဖြစ်နိုင်ဘူး။ ကိုကိုသေတာ မဖြစ်နိုင်ဘူး"

ဟု အော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်လေ၏။ ထို့နောက်. .





"ကိုကိုမသေဘူး"

"ကိုကိုမသေဘူး"

"ကိုကိုမသေဘူး"

"ကိုကိုမသေဘူး"

ဟု တတွတ်တွတ်ပြောရင်းက မူးမေ့လဲကျသွားလေတော့၏။

မိုးကိုကိုသေဆုံးသည့်သတင်းကို အားလုံးက ယုံကြည်ကြသော်လည်း ရွှေစင်တစ်ယောက်မှာမူ လုံးဝမယုံကြည်ချေ။

ရွှေစင် မယုံသည့်အကြောင်းက ခိုင်လုံစွာရှိနေ၏။

ထိုခိုင်လုံစွာရှိထားသည့်ယုံကြည်ချက်က မိုးကိုကိုသည် ရွှေစင့်ထံသို့ ၂၀၀၁၊ ဩဂုတ်လ(၇) ရက်နေ့မှာ (. . . .)နိုင်ငံမှ အပြီးပြန်လာမည်ဟု ပြောဆိုထားခြင်းကတိစကား အခိုင်အမာရှိထားသည့်အတွက် မည်သူကပင် ဘယ်လိုပင် မိုးကိုကိုသေဆုံးသည်ဟု ပြောကြသော်လည်း ရွှေစင်က. . .

"မယုံဘူး. . . မယုံဘူး. . . မယုံဘူး"

ဟူ၍ပင် ပြောနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမသေဘူး"

"ကိုကိုမသေဘူး"

ဟု တတွတ်တွတ်ပြောရင်းက မူးမေ့လဲကျသွားလေတော့၏။

❀❀ ❀❀ ❀❀





www.burmeseclassic.com

www.burmeseclassic.com

## မြလည်းလိုက်မယ် ချန်မထားနဲ့

**မိုး**ဖွဲလေးတွေ ကျလာ၏။

ထိုအချိန်၌. . .

"ကိုကို ဘာဖြစ်နေတာလဲ"

ဟုရွှေစင်က မတိုးမကျယ်လေးနှင့် သူ့အား မေးလိုက်လေ၏။

သူ့ ရွှေစင်ပြောသည့်စကား





ကိုကြားလျှက် ရွှေစင့်အား လှည့်ပင်မကြည့်ဘဲ တခြားတစ်နေရာသို့ ငေးမောကြည့်နေလေ၏။

သူသည် ရွှေစင့်အား တစ်စုံတစ်ခုအတွက် စိတ်ကောက်နေခြင်းတော့ ဖြစ်ဟန်မတူချေ။

"ကိုကိုဘာဖြစ်နေတာလဲ"

ဟု ဒုတိယအကြိမ် ရွှေစင်ကထပ်မံမေးလိုက်ရာ သူ့ထံမှ. . .

"ဟင်း"

ဟုဆိုသောသက်ပြင်းချသံကို ကြားလိုက်ရလေ၏။

ရွှေစင်သည် သူ၏ပခုံးကိုကိုင်မည့်အပြုတွင် သူက ထိုင်ရာမှ ထလိုက်သဖြင့် ရွှေစင့်လက်မှာ တန်းလန်းကြီးဖြစ်သွားကာ. . .

"ကိုကို. . . ရွှေစင့်ကို ဘာလို့စကားမပြောတာလဲဟင်"

ဟုပြောလိုက်၏။

သူသည် ရွှေစင့်အားကျောပေးကာ မတ်တတ်ရပ်နေ၏။ ရွှေစင်မှာထိုင်လျက်။ မိုးမှာ တဖြည်းဖြည်းရွာချလိုက်လေ၏။ သူ မိုးအနားမှထွက်သွားမည့်အခါ ခြေလှမ်းမြင်လိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ဟုခေါ်လိုက်သဖြင့် သူလှမ်းမည့်ခြေလှမ်းများ ရပ်တန့်သွားလေ၏။

သူ့ခြေလှမ်းများ ရပ်တန့်သွားသော်လည်း ရွှေစင့်အားလှည့်ပင်မကြည့်။ ကျောခိုင်း၍နေလေ၏။

"ကိုကို့ . . . အခုဘယ်သွားမလို့လဲ။ မိုးတွေရွာလာပြီ။ ကိုကိုနဲ့အတူ မိုးရေထဲမှာလမ်းလျှောက်ကြမယ်လေ"

ဟု ရွှေစင်ပြောလိုက်သည့်အခါ သူခြေစုံရပ်နေသည့် ခြေထောက်အစုံသည် စတင်ရှေ့သို့လှမ်းကာ ရွှေစင့်အနားမှစတင်၍ တစ်လှမ်းချင်းထွက်သွားလေတော့၏။

"ကိုကို့ . . . ရွှေစင့်ကိုထားခဲ့မလို့လား"

ဟု ရွှေစင်အော်ပြောလိုက်သော်လည်း သူနောက်ကြောင်းကိုပြန်မကြည့်ဘဲ ရှေ့သို့သာ ဦးတည်၍သွားနေ၏။

"ကိုကို့ . . . ရွှေစင့်ကိုရက်စက်တော့မှာလား။ ကိုကို့နောက်ကို ရွှေစင်လိုက်ပါရစေ"





ဟု ရွှေစင်ထိုင်ရာကနေ ပြောလိုက်၏။

ရွှေစင်သည် ထိုင်၍ပင် အော်ဟစ်နေသော်လည်း ၄င်းမှာ ထိုနေရာမှထ၍မရလောက်အောင် ကျောက်ချထားသလိုဖြစ်မိ၏။

ရွှေစင်ရင်ကွဲအောင်ပင် ခေါ်နေသော်လည်း တစ်ချက်မျှပင် လှည့်မကြည့်။ ထိုအချိန်၌ မိုးသည် လွန်စွာမှသဲသဲမဲမဲရွာလျှက်ရှိနေ၏။

"ကိုကို့ . . . ကိုကို့နေပါဦး"

ဟု ရွှေစင်လှမ်းခေါ်သော်လည်း သူသည် ရွှေစင်နှင့်ဝေးသည်ထက်ဝေးရာသို့ရောက်သွားကာ လွန်စွာမှမည်းမှောင်နေသောအမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

ထိုအခါ ရွှေစင်မှာ . . .

"အို့ . . . ကိုကိုရယ်"

ဟုဆိုကာ ချုံးပွဲချငိုကြွေးလေတော့၏။

မိုးမှာလည်း လွန်စွာမှပိုမိုသည်းလာ၏။

"ကို . . . ကို . . . ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူကျုံးမရအော်ဟစ်ကာ ငိုကြွေးလိုက်လေတော့၏။

"ကိုကို. . . ကို. . . ကိုရို"

ဟု ရွှေစင်အော်ဟစ်လိုက်သည့်အခါ. . .

"သမီး. . . သတိထား. . . သတိထား"

ဟု ရွှေစင့်မိခင်က သတိပေးလိုက်လေ၏။

"ရေ. . . ရေ"

ဟု ရွှေစင်, ရေတမ်းတလိုက်ရာ၊ ၎င်း၏ နှုတ်ခမ်းပေါ်သို့ ရေတစ်စက်တစ်စက် ကျလို့လာလေတော့၏။

"သမီး,သတိရပြီလား"

ဟု ရွှေစင့်ဖခင်က မေးလိုက်ရာ၊ ရွှေစင်က. . .

"သမီးဘယ်ရောက်နေတာလဲဟင်"

ဟု မေးလိုက်လေ၏။

"သမီး မူးမေ့သတိလစ်သွားလို့၊ အခု ဆေးရုံပေါ်ကိုရောက်နေတာလေ"

ဟု ဖခင်က ၎င်း၏ဆံစလေးကို ယုယစွာပွတ်သပ်ပေးရင်း





ပြောလိုက်၏။ ထိုအခါ ရွှေစင်သည် သူသည် ၎င်းအား လွန်စွာ စိမ်းကားရက်စက်စွာဖြင့်ကျောခိုင်းကာ မိုးရေထဲမှပင် အမှောင်ထုကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို ပြန်လည်အမှတ်ရမိပြီး မျက်ဝန်းမှမျက်ရည်များဝဲလာ၏။

ရွှေစင်မူးမေ့သတိလစ်နေရင်း မနောစိတ်များသည် ပျံ့လွင့်ကာ သူ့ထံသို့ရောက်ကာ သူ၏ကျောခိုင်းရက်စက်ပုံများကို ပြန်လည်သတိရမိလေ၏။ လွန်စွာမှပင် ဝမ်းနည်းကြေကွဲရပြန်၏။

ထို့နောက် ရွှေစင်သည်. . .

"ဩော်. . . ကိုကိုရယ်"

ဟုစိတ်ထဲ၌ ညင်သာစွာတမ်းတလိုက်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်းချမ်းသာယာသောနယ်မြေ

**ထို**အရပ်သည် လွန်စွာမှ တိတ်ဆိတ်၍ လွန်စွာမှပင် ငြိမ်းချမ်းလှ၏။ သစ်ရိပ်၊ ဝါးရိပ်များ လွန်စွာမှ ပေါက်ရောက်နေသဖြင့် အေးမြလှလေ၏။ ထိုအရပ်ကို ရောက်လာသူအပေါင်းတို့သည် သောကဝေဒနာ၊ အပူအပင်များ

*

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းကြရလေ၏။

ထိုအရပ်၏ လွန်စွာမှ အရိပ်ကောင်းသည့် သစ်ပင်ကြီး အောက်က ဝါးကွပ်ပျစ်လေးပေါ်၌ လွန်စွာမှတည်ငြိမ်အေးချမ်းစွာ တရားအားထုတ်နေသော ယောဂီဝတ်အမျိုးသမီးငယ်လေးတစ်ဦး သည် အသက်အရွယ်နှင့်မမျှအောင် တည်ကြည်ခန့်ညားစွာ တရား ဘာဝနာကိုအားထုတ်လျှက်ရှိ၏။

ထိုမိန်းကလေးသည် လွန်စွာမှအပြစ်ကင်းစွာ လူ့ဘဝကြီးကို စိတ်ကုန်ခန်းသည့်အလား လွန်စွာမှငြိမ်းချမ်းသော လွန်စွာမှအေးမြ သောတရားကို ရှုမှတ်နေသည်မှာ လွန်စွာမှအေးမြလှလေ၏။

ထိုယောဂီဝတ်မိန်းကလေးမှာ ရွှေစင်ဟုပြောဖို့ပင်မလိုတော့ ချေ။ ရွှေစင်သည် လွန်စွာမှ အပူအပင်သောကဝေဒနာတွေ ဖိစီး နေသူဖြစ်သည့်အတွက် ထိုအရပ်သို့ရောက်သည့်အခါ လွန်စွာမှ အေးချမ်းသွားခဲ့၏။

ထိုသို့အေးချမ်းရခြင်းမှာလည်း ဆရာကြီး ဒေါ်ဝဏ္ဏသိရီ ကြောင့်ပင်ဖြစ်၏။ ထိုဆရာကြီးဒေါ်ဝဏ္ဏသိရီမှာ သီလရှင်တစ်ပါး





ဝင်ဖြစ်၏။

ဆရာကြီး ဒေါ်ဝဏ္ဏသိရီသည် 'ငြိမ်းချမ်းသာယာသောနယ် မြေ တရားရိပ်သာ' ဟုအမည်ပေးကာ တရားကျောင်းလေးကို ဖွင့်လှစ်ထား၏။ ရွှေစင်တို့မိဘများနှင့်လည်း သီလရှင်ဆရာကြီး သည် ဆွေမျိုးများဖြစ်သည့်အတွက် ရွှေစင်ခံစားနေရသော သောက ဝေဒနာအပူကို တရားရေအေးဖြင့်ကုသခဲ့ရသဖြင့် ရွှေစင်မှာ ငြိမ်း ချမ်းသောအသိကိုရရှိပြီးနောက် သောကဝေဒနာအပူများ ပျောက် ကင်းလေတော့၏။

ရွှေစင်သည် သူသေဆုံးကွယ်လွန်ခြင်းနှင့်ပတ်သက်၍ သော ကဝေဒနာများ အလူးအလဲခံစားနေရ၏။ ရွှေစင်သည် သူသေဆုံး သည်ကိုလည်း လုံးဝမယုံကြည်ချေ။ သေတာမဖြစ်နိုင်ဘူးဟုလည်း ယုံကြည်ထား၏။

ထို့ကြောင့်ပင် သောကအပူတွေဖိစီးပြီး အစားအသောက် ပျက်၊ အအိပ်ပျက်နှင့် စိတ်ဝေဒနာကိုခံစားနေ၏။

မိဘနှစ်ပါးနှင့် သူငယ်ချင်းမိတ်ဆွေတွေကလည်း ရွှေစင့်




www.burmeseclassic.com

www.burmeseclassic.com

အတွက် ဝမ်းနည်းရရှာ၏။ ထို့နောက် ရွှေစင်မိဘများနှင့် ဆွေမျိုးတော်စပ်သည့်သီလရှင်ဆရာကြီးဒေါ်ဝဏ္ဏာသိဂီထံအကျိုးအကြောင်းပြောကာ 'ငြိမ်းချမ်းသာယာနယ်မြေ'သို့ ရွှေစင့်အားပို့ထားလိုက်ရလေတော့၏။

ရွှေပဒေသာစာပေ



www.burmeseclassic.com

www.burmeseclassic.com

## ကိသာဂေါတမီ

ရှေးဖြစ်ပြီးသည်၌ ကိသာဂေါတမီ အမည်ရှိသော အမျိုးသမီးတစ်ဦးရှိလေ၏။

တစ်နေ့သောအခါ သူလွန်စွာမှချစ်မြတ်နိုးသည့် တစ်ဦးတည်းသောသားကလေး သေဆုံးရသည့်အတွက် သောကရောက်၍ သား





ကို ပိုက်ပြီးလျှင် တစ်မြို့လုံးလှည့်ပတ်ကာ သားတော်မောင် ရှင်လာအောင် ဆေးကုနိုင်းလေ၏။

"ကျွန်မသားလေးကို အသက်ပြန်ရှင်လာအောင် လုပ်ပေးပါရှင်"

ဟုဆိုကာ ငိုယိုမြည်တမ်းလျက် အရူးမကြီးတစ်ပိုင်းဖြစ်ကာ မြို့လုံးလှည့်ပတ်သွားလာနေရရှာလေတော့၏။

ထိုအခါ ပညာရှိတစ်ယောက်က. . .

"သင့်သားကို အသက်ပြန်ရှင်လာအောင် ကုသနိုင်သော ဆရာက ဇေတဝန်ကျောင်းတော်မှာရှိတယ်။ အဲဒီကိုသွားပါ ....မ"

ဟု ကိသာဂေါတမီအား ပညာရှိပုဂ္ဂိုလ်က ပရိယာယ်သုံးကာ ...ဘုရားထံသို့လွှတ်လိုက်လေတော့၏။

ကိသာဂေါတမီလည်း ထိုစကားကြားရ၍ မျက်ရည်များကို ...ကာ ပညာရှိအား. . .

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

ဟုပြောကာ သားသေကိုပိုက်လျှက် ဇေတဝန်ကျောင်းတော်သို့ ခပ်သုတ်သုတ်သွားရရှာလေတော့၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သည့်အခါ မြတ်စွာဘုရားအားတွေ့လိုက်ရသည်နှင့် . . .

"သားလေးအသက်ပြန်ရှင်လာအောင်ကူပေးပါ . . . အရှင်ဘုရား"

ဟု ကိသာဂေါတမီက ငိုယိုမြည်ကာ လျှောက်ထားလိုက်လေတော့၏။

ထိုအခါ မြတ်စွာဘုရားက ကိသာဂေါတမီအား တစ်ချက်ကြည့်ရှုတော်မိလိုက်ပြီးနောက် . . .

"ကူသပေးမယ်ချစ်သမီး။ ဒါပေမဲ့ . . . ဆေးဖော်ဖို့အတွက် မုန်းညင်းစေ့လက်တစ်ဆုပ်ကို လူမသေသောအိမ်မှ သွားတောင်းပါ။ အခုပင် မြို့ထဲသွားပေတော့"

ဟုပြောလိုက်လေ၏။

ကိသာဂေါတမီလည်း သားသေကိုပိုက်ကာ လူမသေဘူးသေသောအိမ်တွေကိုလိုက်မေးရာ၊ ထိုအိမ်ကလည်း 'လူသေဖူးသည်။ ဤအိမ်ကလည်း သေဖူးသည်' ဟူသောအဖြေကိုသာ ရရှိလေ၏။





ရာဇဂြိုဟ်ပြည် တစ်မြို့လုံး အိမ်ပေါက်စေ့ရောက်ခဲ့ပြီး လူသေဖူးသောအိမ်ဟူ၍မတွေ့ရချေ။ ထိုအခါကျမှ ကိသာဂေါတမီမှာ ဖတ်ဖတ်မောရလေတော့၏။

လူမသေဖူးသောအိမ်ကိုလိုက်၍မေးရင်းက ကိသာဂေါတမီ၏စိတ်ထဲ၌ တဖြည်းဖြည်းချင်း အသိဉာဏ်တစ်ခု ဝင်ရောက်လာသလေ၏။

"ဟင်, ငါ့ရဲ့သားတစ်ဦးတည်းသာ သေသည်မဟုတ်၊ အခြားသူတွေလည်း သေကြတာပါပဲ။ သေခြင်းတရားဟာ လူတိုင်းမလွန်ဆန်နိုင်သောသဘာဝတရားပဲ။ လူဆိုတာ သေမျိုးတွေပါလား"

ဟုဆိုကာ တွေးတောမိကာ၊ အသိစိတ်ဝင်ရောက်လာပြီးနောက် ၎င်း၏ရင်ခွင်ဖြင့် ပိုက်ထွေးထားသော သားကလေး၏အလောင်းကို သင်္ချိုင်းတွင် မြေမြှုပ်လိုက်လေတော့၏။

မြေမြှုပ်ပြီးသောအခါ ကိသာဂေါတမီသည် မြတ်စွာဘုရား

www.burmeseclassic.com



ထံသို့ တစ်ခေါက်ပြန်သွားလေတော့၏။

မြတ်စွာဘုရားသည် မဟာကရုဏာမေတ္တာတော်မြတ် 
လွှတ်၍ ကိသာဂေါတမီ၏အပူမီးကိုငြိမ်းစေလျက် အေးမြကြည်
သောတရားမွေ့ကို ဟောကြားတော်မူလိုက်သောအခါ ပါရမီ
ခံ ရင့်သန်သူကလေးဖြစ်၍ တရားထူးတရားမြတ်ရရှိပြီး ရဟ
ထေရီမတစ်ပါးဖြစ်သွားလေတော့သတည်း။

❀❀ ❀❀ ❀❀





www.burmeseclassic.com

www.burmeseclassic.com

## ဘဝကူးကောင်းစေဖို့

ဆရာကြီး ဒေါ်ဝဏ္ဏသိင်္ဂီ သည် ကိသာဂေါတမီအကြောင်း အား ပြောပြလိုက်သည့်အခါ ရွှေစင်မှာ သက်ပြင်းအရှည်ကြီးကို ချလိုက်လေတော့၏။

"ကဲ. . . သမီးရွှေစင်။ ဆရာကြီးပြောတဲ့. . . ကိသာဂေါတမီ





အကြောင်းကို သဘောပေါက်တယ်မဟုတ်လား"

ဟုမေးလိုက်ရာ ရွှေစင်မှာ တစ်စုံတစ်ရာပြန်မပြောဘဲ ခေါင်းကိုညင်သာစွာညိတ်လိုက်လေတော့၏။ ထို့နောက် သီလရှင်ဆရာကြီးဒေါ်ဝဏ္ဏသိင်္ဂီမှ ဆက်လက်၍. . .

"ဒါဆို သမီးဖြစ်ချင်တာကိုပြောပါ"

ဟုမေးရာ ရွှေစင်မှာ ဒုတိယအကြိမ် သက်ပြင်းချလိုက်ပြီးနောက်. . .

"သမီး, အေးမြသောနေရာမှာ ချမ်းမြေ့ငြိမ်းချမ်းသောတရားကို ရှမှတ်ချင်ပါတယ်ဆရာကြီး"

ဟုပြောလိုက်လေ၏။

"ဒါဆို. . . သမီးရွှေစင်က မောင်မိုးကိုကိုကွယ်လွန်တာနဲ့ ဖတ်သက်ပြီး တကယ်ကွယ်လွန်သွားတယ်ဆိုတာယုံပြီလား"

ဟု ဆရာကြီးဒေါ်ဝဏ္ဏသိင်္ဂီကမေးလိုက်ရာ ရွှေစင်က. . .

"ပြန်မရနိုင်တော့တဲ့အရာကို သမီးပူဆွေးနေလိုကတော့ ကိသာဂေါတမီလို သားသေပိုက်ပြီး အရူးပမာဖြစ်နေမှာပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သမီးဟာ ကိုယ့်ကိုယ်ကို သောကအပူတွေနဲ့ ရှိနေသူပါ။ အခုတော့ ဆရာကြီးရဲ့အေးမြတဲ့တရားရေအေးနဲ့ တိုက်ကျွေးတဲ့ အခါ ရင်ထဲအေးမြသွားပါတယ်။ အဲဒီလိုအေးမြခြင်းနဲ့ထပ်တူ သမီး ကိုယ်တိုင်လည်း ယောဂီဘဝနဲ့ ငြိမ်းချမ်းခြင်းကိုရှာဖွေချင်ပါတယ်။ သမီးဟာ သူ့အတွက်နဲ့ သောကဝေဒနာတွေကို ခံစားခဲ့ရပါတယ်။ အဲဒီဝေဒနာတွေကိုခံစားနေရမယ့်အစား သွားလေသူအတွက် ပူ ဆွေးမနေတော့ဘဲ သူ့အတွက် ဘဝကူးကောင်းအောင်ပြုလုပ်ပေး ချင်ပါတယ်"

ဟုပြောလိုက်လေ၏။

"သာဓု . . . သာဓု . . . သာဓု"

ဟု သီလရှင်ဆရာကြီးက ရွှေစင်အား လွန်စွာမှကျေနပ် အားရဝမ်းသာစွာဖြင့် သာဓုခေါ်လိုက်လေတော့၏။

ကိုသာဂေါ်တမီအကြောင်းကို နာကြားဖိုက်ရသည့်ရွှေ မှာ အပူသောကတွေ ကင်းဝေးစေခဲ့ရပါပြီ။ မိမိကို ချစ်သည်၊ သည်ဟုပြောခဲ့သော်လည်း သေမင်း၏ခေါ်ဆောင်ရာ သို့ သူမလိုက်





လိုသော်လည်း သူက လိုက်သွားရတော့မည်။

အပြန်လမ်းမရှိသူတစ်ယောက်အတွက် ဝမ်းနည်းပူဆွေးနေ ပါက အကျိုးတရားမရှိချေ။ 'ချစ်ခင် ပေါင်းသင်း ဆက်ဆံခြင်းက နောက်ဆုံးကွေကွင်းရှိစေတည်း' ဆိုသကဲ့သို့ လူသည် နောက်ဆုံး တော့ လာရာလမ်းကိုပြန်ကြရလေ၏။

"ဩော် . . . သူ့အတွက် ပူဆွေးငိုကြွေးနေမယ့်အစား သူ ကောင်းသောဘုံဘဝကိုရောက်ဖို့ ငါလုပ်ပေးလိုက်ရင် ငါ့အချစ်တွေ ပြလိုက်သလိုဖြစ်မှာ။ သူလည်းနောက်ဆံမတင်းဘဲ ဘဝကူးပြောင်း သွားမှာပါ။ ကိုကိုရေ . . . အမျှ . . . အမျှ . . . အမျှ"

ဟု သွားလေသူအား အမျှအတန်း ပေးဝေလိုက်လေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့ပါတယ်

# ''မိုးထဲကနှင်းဆီ''

ဟု ကျယ်လောင်စွာ ထွက်လာခဲ့လေ၏။

ထိုအသံကို ရွှေစင်ကောင်းစွာမှတ်မိ၏။

ထိုအသံရှင်ကိုလည်း ကောင်းစွာသိ၏။

ရွှေစင်. . . နိုးတစ်ဝက်၊ အိပ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ခက်လိုလိုဖြစ်လို့နေ၏။

**မိုးထဲက နှင်းဆီ**

ဟုထပ်မံကြားရပြန်၏။

“ဟော. . . ကိုကို. . . ကိုကို. . . ကိုကိုနိုင်ငံခြားက ပြန်လာပြီ”

ဟုဆိုကာ အိပ်ရာထဲမှ ရွှေစင် ကမန်းကတန်းထလိုက်၏။ ရွှေစင်လွန်စွာမှလည်း ဝမ်းသာလို့နေလေ၏။

“ကိုကိုရေ. . . လာပြီဟေ့”

ဆိုကာ ရွှေစင် အိမ်အပြင်သို့ထွက်လိုက်သည့်အခါ သွက်သက်သောခြေလှမ်းတို့သည် ချက်ချင်းရပ်တန့်သွားပြီး ပြုံးနေသောအပြုံးများသည်လည်း ချက်ချင်းပြောင်းသွားလေ၏။

“ဟင်. . . သူ. . . သူ. . . သူသေသွားပြီပဲ။ ကိုကိုသေသွားပြီပဲ”

ဟု အသိတရားဝင်ကာ ရွှေစင်၏မျက်ဝန်းမှ မျက်ရည်များ





ဝါးပြင်ပေါ်သို့ တလိမ့်ချင်းစီးဆင်းလာခဲ့လေတော့၏။

**“မိုးထဲက နှင်းဆီ”**

ဟုသူတာ ရွှေစင်နှင့်ဝေးရာ ခပ်လှမ်းလှမ်းမှအော်၍ခေါ်လိုက်လေ၏။

ရွှေစင်လှမ်းကြည့်မိ၏။

သူက ရွှေစင်အား လက်လှမ်းပြလိုက်လေ၏။

ဘာရယ်မသိ သူ့အား ရွှေစင်က လက်ဝှေ့ယမ်းလိုက်မိလေ၏။

သူသည် ဂျင်းဘောင်းဘီကိုဝတ်ထား၏။

ရှပ်အင်္ကျီအညိုရောင်အကွက်ကိုဝတ်ထား၏။

ဂျင်းဦးထုပ်လည်း ဆောင်းထား၏။

**“မိုးထဲက နှင်းဆီ”**

ဟု ခပ်လှမ်းလှမ်းကပင် သူက ချိုသာစွာခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ဟု ရွှေစင်က ပြန်ခေါ်လိုက်လေ၏။

"ရွှေစင့်ကို . . . ကိုကိုလာပြီးနှုတ်ဆက်တာ"

ဟု သူကပြောလိုက်ရာ . . .

"ဟင် . . . ကို . . . ကို . . . ကိုကိုရယ်"

ဟု ရွှေစင် တလိုက်လေ၏။

"ရွှေစင့်ကို ကိုကိုကျေးဇူးတင်တယ်သိလား။ ကိုကို့ကြောင့် ရွှေစင် သောကဝေဒနာအပူတွေ ခံစားနေရတာ . . . ကိုကိုစိတ် မကောင်းပါဘူး။ ဒါကြောင့်လည်း ရွှေစင်အနားက ဘယ်မှကို ကိုကို သွားလို့မရဖြစ်ရတယ် . . .

အခုတော့ ရွှေစင်ဟာ ငြိမ်းချမ်းသာယာသောနယ်မြေကို ရောက်သွားပြီ။ ဆရာကြီးဒေါ်ဝဏ္ဏသိဂီရဲ့တရားတွေကိုနာပြီး အေး ချမ်းသွားပြီ။ နောက်ပြီးတော့ ရွှေစင်ဟာ ယောဂီဝတ်နဲ့အေးချမ်း တဲ့တရားကို ဆက်လက်ရှာဖွေဦးမှာ။ ဒါကြောင့် ကိုကိုလေ . . . ရွှေစင့်ကိုစိတ်ချသွားပါပြီ။ ပြီးတော့ ကိုကို့ကိုလည်း အမျှအတန်း





တွေပေးဝေလိုက်တဲ့အခါ ကိုကိုသာဓုခေါ်နိုင်ခဲ့လို့ ကောင်းသောဘုံ ကိုသွားရတော့မှာမို့ ရွှေစင့်ကိုလာပြီးနှုတ်ဆက်တာပါ . . .

တကယ်တော့ ရွှေစင်ရယ် . . . ကိုကိုဟာ အတိတ်ဘဝက မကောင်းမှုတွေကြောင့် ကိုယ့်ရဲ့ချစ်သူနဲ့ စောစောစီးစီးလမ်းခွဲခဲ့ ရတာ"


ဟု သူပြောလိုက်ပြီးနောက် ရွှေစင် သူ့အားစိုက်၍ကြည့်နေ ရင်းမှပင် သူဝတ်ထားသော အဝတ်အစားများ မဟုတ်တော့ဘဲ လွန်စွာမှတောက်ပြောင်လှသည့် နတ်ဝတ်နတ်စားများ ဝတ်ဆင် ထား တဖြည်းဖြည်း ကောင်းကင်ပေါ်သို့တက်ကာ ပျောက်ကွယ် သွားလေတော့၏။

ထိုအချိန်၌ အုန်းမောင်းခေါက်သံကြားလိုက်ရသည့်အခါ ရွှေ စင်အိပ်မက်မက်နေရာမှ လန့်နိုးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေ သရဲ ပြိတ္တာ

"**တ**ကယ်တော့ တစ္ဆေ သရဲပြိတ္တာတို့ဘဝဟာ သနားဖို့ကောင်းပါတယ်"

ဟု သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏသီဂီက ပြောလိုက်လေ၏။ ထိုအချိန်မှာပဲ ရွှေစင်ရောက်ရှိလာရာ. . .

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . သမီးတောင် အိပ်ရာမှနိုးလာပြီကိုး"

ဟု ရွှေစင့်မိခင်က ပြောလိုက်လေ၏။

"မေမေတို့ရောက်နေတာ ကြာပြီလား။ ဝင့်ဝါနဲ့ ယဉ်ယဉ်တို့ လည်း ပါလာတယ်နော်"

ဟု ရွှေစင်ကမေးလိုက်ရာ. . .

"မကြာသေးဘူးကွယ့်။ ဝင့်ဝါနဲ့ယဉ်ယဉ်တို့ကလည်း သမီးကို တွေ့ချင်တာနဲ့ ခေါ်လာခဲ့ရတယ်၊ သမီးဖေဖေလည်းပါတယ်"

ဟု ရွှေစင့်မိခင်က ပြောလိုက်လေ၏။

"ကဲ. . . သမီးထိုင်လေ။ ကော်ဖီသောက်ဦး"

ဟု သီလရှင်ဆရာကြီးဒေါ်ဝဏ္ဏသိဂီက ပြောလိုက်ပြီးနောက် ယဉ်ယဉ်နှင့်ဝင့်ဝါတို့က ရွှေစင့်အတွက် ကော်ဖီနှင့်မုန့်များ ပြင်ဆင် ပေးလေ၏။

ရွှေစင်သည် လွန်စွာမှတည်ငြိမ်စွာ ပြောဆိုစားသောက်နေ သဖြင့် မိခင်နှင့်အတူ သူငယ်ချင်းများဖြစ်ကြသော ဝင့်ဝါနှင့်ယဉ် ယဉ်တို့က လွန်စွာမှအံ့သြနေကြကုန်၏။





ရွှေစင်သည် လွန်စွာမှပြောင်းလဲခြင်းကို ၎င်းတို့က အမျိုး အမည်မသိဝေဒနာများ ခံစားကြရ၏။ ဝမ်းနည်းဝမ်းသာဖြစ်မိ ကြရ၏။ ထို့နောက် သီလရှင်ဆရာကြီးဒေါ်ဝဏ္ဏသိဂီက. . .

"သမီးရွှေစင်, ညက အိပ်ပျော်ရဲ့လား"

ဟု မေးလိုက်လေ၏။

"တင်ပါ့. . . အိပ်ပျော်ပါတယ်။ ဒါပေမဲ့"

ဟုဆိုကာ ရွှေစင်မှာ စကားရပ်လိုက်ရာ မိခင်ဖြစ်သူက. . .

"ဒါပေမဲ့. . . ဘာဖြစ်လဲသမီးရယ်"

ဟု မေးလိုက်လေ၏။

"အိပ်မက်တွေမက်နေတာပါ"

ဟုရွှေစင်က ပြောလိုက်ရာ မိခင်ဖြစ်သူမှာ တစ်စုံတစ်ရာ ပြောမည့်အပြုတွင် သီလရှင်ဆရာကြီးက ရွှေစင့်မိခင်အား လက် ဟာပြလိုက်ပြီးနောက်. . .

"ဪ. . . စောစောကပြောမယ့်စကားကို ဆက်ပြောရမယ် ဆိုရင်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုစကားလမ်းကြောင်းပြောင်းလိုက်ပြီး သီလရှင်ဆရာကြီး က ရွှေစင်အား တစ်ချက်ကြည့်၍ပြုံးကာ. . .

"သမီးရွှေစင်လည်း အခုဆရာကြီးပြောမယ့်စကားကို သေချာနားထောင်နော်"

ဟု ပြောလိုက်လေ၏။

ရွှေစင်မှာ ခေါင်းညိတ်လိုက်လေ၏။ ထို့နောက် သီလရှင် ဆရာကြီးက. . .

"ကကုသန်ဘုရားရှင်လက်ထက်က. . ."

ဟုဆိုကာ တစ္ဆေ၊ သရဲ၊ ပြိတ္တာတို့အကြောင်းကို အောက်ပါ အတိုင်းပြောလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

## ကကုသန်မြတ်စွာဘုရားနှင့် တစ္ဆေ သရဲ ပြိတ္တာများ

ဘဒ္ဒကမ္ဘာဝယ် ရာဇဂြိုဟ်ပြည်၏အနီး တောင်ကြီးငါးလုံးတို့၏အကြား၌ လွန်စွာမှကြီးမားလှသောကိုယ်၊ လွန်စွာမှ သေးငယ်သော ဦးခေါင်း၊ အရိုးစုကြည့်ရအလွန်ဆိုးသော သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့ စုပေါင်း၍နေကြ၏။





ထိုသရဲ တစ္ဆေ ပြိတ္တာတို့သည် တစ်ခါက ဝတ်ချက်သမားတို့ဖြစ်၏။ ၎င်းတို့သေလွန်သောအခါ သရဲ တစ္ဆေ ပြိတ္တာတို့ဖြစ်ကြကုန်၏။ ၎င်းတို့ သရဲ တစ္ဆေ ပြိတ္တာဖြစ်ရခြင်းအကြောင်းရင်းကား သံဃာတော်များကို ဆွမ်းချက်သောအခါ သံဃာတော်တို့၏ အဦးအဖျားကိုဝှက်ထား၍ သားငယ်သမီးငယ်တို့အား ပေးကုန်၏။ ထို့ကြောင့် ၎င်းတို့သည် သရဲ တစ္ဆေ ပြိတ္တာတို့ဖြစ်ကြရလေတော့၏။

ထိုသရဲ တစ္ဆေ ပြိတ္တာတို့သည် ကကုသန်ဘုရား ပွင့်တော်မူသောအခါ

"အရှင်ဘုရား. . . ကျွန်ုပ်တို့ဟာ သရဲ တစ္ဆေ ပြိတ္တာများဖြစ်ကြပါတယ်။ ကျွန်ုပ်တို့ဟာ အစာအာဟာရကို မစားကြရပါ။ လွန်စွာမှလည်း ဆာလောင်နေပါတယ်။ အာဟာရအစားအသောက်တွေကို တွေ့နေမြင်နေရသော်လည်း စားသောက်လို့မရပါ။ ကျွန်ုပ်တို့ သရဲ တစ္ဆေ ပြိတ္တာတွေဟာ ဘယ်တော့များမှ သုံးဆောင်ရပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့က လျှောက်ထားကြကုန်၏။

"အသင်တို့ . . . ငါ့အား မလျှောက်ကြပါနှင့်။ ငါလွန်သည့်နောက်မြေကြီးတစ်ယူဇနာမြောက်သောအခါ . . . ငါ၏ညီတော် ကောဏာဂုံဘုရားပွင့်လတ္တံ့။ ထိုအခါမှ လျှောက်ကြကုန်"

ဟု ကကုသန်မြတ်စွာဘုရားက မိန့်တော်မူလိုက်သဖြင့် သရဲ တစ္ဆေ၊ ပြိတ္တာတို့သည် ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူရန် စောင့်ငံ့လင့်၍နေကြကုန်၏။

❀❀ ❀❀ ❀❀





www.burmeseclassic.com

www.burmeseclassic.com

## ကောဏာဂုံမြတ်စွာဘုရားနှင့် သရဲ တစ္ဆေ ပြိတ္တာများ

ကောဏာဂုံ မြတ်စွာဘုရား ပွင့်တော်မူသောအခါ အစာအာ ဟာရများကို စားချင်တိုင်း မစား ရ။ အငတ်ဘေးနှင့်ကြုံနေရသော သရဲ တစ္ဆေ ပြိတ္တာတို့သည် ၄င်း တို့ မစားရ မသောက်ကြရသည့် အဖြစ်ကို ကောဏာဂုံမြတ်စွာဘုရား





အားလျှောက်ထားရာ. . .

"ငါ့လက်ထက်တော်တွင် သင်တို့မလျှောက်ကြပါနှင့်။ ငါ၏ မြေကြီးတစ်ယူဇနာမြောက်သောကာလ, ကဿပအမည်ရှိသော ဘုရားပွင့်တော်မူလိမ့်မည်။ ထိုအခါမှလျှောက်ကြကုန်လေ"

ဟု ကောဏာဂုံမြတ်စွာဘုရားက မိန့်တော်မူလိုက်လေတော့ ၏။

သရဲ တစ္ဆေ ပြိတ္တာတို့သည်လည်း ကဿပမြတ်စွာဘုရား ပွင့်တော်မူမည့်အချိန်ကိုစောင့်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ကဿပမြတ်စွာဘုရားနှင့် သရဲ တစ္ဆေ ပြိတ္တာများ

ကဿပ မြတ်စွာဘုရား ပွင့်တော်မူပြန်သောအခါ သရဲ တစ္ဆေ ပြိတ္တာတို့သည် ယခင်နည်း အတိုင်း ကဿပမြတ်စွာဘုရား ထံသို့သွားရောက်ကာ လျှောက် ထားကြပြန်၏။ ထိုအခါ ကဿပ မြတ်စွာဘုရားက. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com


www.burmeseclassic.com

"သရဲ၊ တစ္ဆေ၊ ပြိတ္တာအပေါင်းတို့ သင်တို့သည် ငါ၏လက်ထက်တွင် မစားရ၊ မဝတ်ရချေ။ သို့သော် သင်တို့ဟာ ငါလွန်သည့်နောက် မြေကြီးတစ်ယူဇနာနှင့် သုံးဂါဝုတ်မြောက်သောအခါ ငါ၏ညီတော် ဂေါတမမည်သောဘုရားပွင့်တော်မူလိမ့်မည်။ ထိုအခါမှာ သင်တို့၏အရင်က ဆွေမျိုးဖြစ်ခဲ့ဖူးသော တရားသူကြီးသည် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမည်သောမင်းတစ်ပါးဖြစ်လိမ့်မည်။ ထိုအခါကျမှ ဘုရားအမှူးရှိသောသံဃာတော်တို့အား အလှူပေး၍ တရားတော်ကိုနာပြီးလျှင် သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါသင်တို့ လောကငအောင် စားရ၊ သောက်ရ၊ ဝတ်ရလိမ့်မည်"

ဟုမိန့်တော်မူ၏။

ထိုစကားကိုကြား၍ သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့သည် ဘုရားတစ်ဆူနှင့်တစ်ဆူအကြားကာလကိုပင် နက်ဖြန်၊ သန်ဘက်ကဲ့သို့ထင်၍ လွန်စွာမှဝမ်းသာပျော်ရွှင်ကြကုန်လေတော့၏။

ရွှေပဒေသာစာပေ



www.burmeseclassic.com

www.burmeseclassic.com

# ဂေါ်တမမြတ်စွာဘုရားနှင့် သရဲ တစ္ဆေ ပြိတ္တာများ

ဂေါ်တမမြတ်စွာဘုရား ပွင့်တော်မူလေပြီ။ ရာဇဂြိုဟ်ပြည်သို့ ဂေါ်တမမြတ်စွာဘုရားအမှူးရှိသော သံဃာတော်များအား ဗိမ္ဗိသာရမင်းကြီး အလှူပေးလေ့ရှိ၏။

တစ်ညသည်. . . သရဲ တစ္ဆေ





ပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းကြီးထံ ရောက်လာကြပြီးလျှင်. . .

"ကျွန်ုပ်တို့ ရှည်မြင့်စွာမျှော်လင့်၍နေခဲ့ရပါသည်။ ကျွန်ုပ်တို့အား အမျှအတန်းဝေပေးပါ"

ဟု သရဲ တစ္ဆေ ပြိတ္တာတို့က နန်းတော်အတွင်းသို့ဝင်ရောက်ကာ ရုပ်အသွင်ကိုပြ၍ လွန်စွာမှ ဝမ်းနည်းခြင်းဖြင့်ပြောကြကုန်လေ၏။

ထိုအခါ ဗိမ္ဗိသာရလည်း သရဲ တစ္ဆေ ပြိတ္တာတို့အားမြင်ရ၍ လွန်စွာမှထိတ်လန့်သွားလေတော့၏။ နောက်တစ်နေ့နံနက်မှာ ဝေါတမမြတ်စွာဘုရားထံသို့သွားကာ လျှောက်ထားလေ၏။

"မင်းကြီး. . . သင်၏ဆွေမျိုးများဖြစ်ခဲ့ဖူးသော သရဲ တစ္ဆေ ပြိတ္တာတို့သည် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး ငတ်မွတ်သိပ်ခဲ့ကြ၍ ငါ့နောင်တော် ကဿပထံလျှောက်လျှင် ဘုရားသခင်က. . . သင်မင်းကြီးအလှူပေး၍ အမျှဝေလတ္တံ့သောအကြောင်းစကားကို ကြားတော်မူ၍ သူတို့တွေဟာ ထိုအခါမှစ၍ တောင့်တခဲ့ကြတာ။ သင်အလှူပေးသောအခါ အမျှပေဝေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂေါတမမြတ်စွာဘုရားက မိန့်တော်မူလိုက်လေတော့၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဂေါတမမြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်းဆောင်ရွက်လိုက်ရာ သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့မှာ ချမ်းသာရာ ရသွားလေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com

## လူ့ဘောင်ကို စွန့်လွှတ်လိုက်ပြီ

**သီ**လရှင်ဆရာကြီး ဒေါ်ဝဏ္ဏသိဂီမှာ လွန်စွာမှရှည်လျားစွာ အထက်ပါအတိုင်းပြောလိုက်လေတော့၏။

သီလရှင်ဆရာကြီး၏စကားဆုံးသွားသည့်အခါ ရွှေစင်မှာ ၄င်း၏ ညက ်က်သော အိပ်မက်ကို





ပြန်လည်အမှတ်ရလို့နေလေ၏။

မိုးကိုကို၏ ဘဝတစ်ပါးပြောင်းသွားရသည့်အဖြစ်ကို ပြန်လည်မြင်ယောင်လာ၏။ ထို့နောက် သူမထံမှ သက်ပြင်းချသံကို ကြားရ၏။ သို့သော် သူမရင်ထဲ၌ ဘာမှမရှိတော့ချေ။

သူလည်း ကောင်းရာဘုံသို့ရောက်သွားလေပြီ။

"ကိုကို သရဲမဟုတ်တော့ပါ"

ထို့ကြောင့် သူ့ကိုမလွမ်းချင်တော့ပါ။

သူကောင်းသောဘုံဘဝသို့ ကူးပြောင်းသွားပြီ။

သူ ဘယ်တော့မှလည်း ပြန်လာမှာမဟုတ်ပါ။

သည်အတွက် ငိုစရာအကြောင်းမရှိတော့။

ကိုကို, သရဲမဟုတ်တော့သည့်အတွက် ဝမ်းသာမိ၏။

ဒီတော့. . .

ဒီတော့. . .

ရွှေစင် အတော်စဉ်းစား၏။ လူ့ဘဝကိုလည်း စိတ်ကုန်၏။ နောက်ထပ်ဝေဒနာတွေလည်း မခံစားချင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ် . . . အချစ် . . . အချစ်ဆိုတာတွေ မရှိတော့။

ကုန်ခန်းကုန်ပြီ။

ဘယ်သူ့ကိုမှလည်း မချစ်ချင်တော့။

အေးချမ်းတဲ့တရားနှင့်ပဲ ပျော်မွေ့လိုတော့၏။

ရွှေစင်သည် ဖခင်နှင့်မိခင်တို့အားကြည့်မိ၏။ ထို့နောက် အချစ်ဆုံးသူငယ်ချင်းယဉ်ယဉ်နှင့်ဝင့်ဝါတို့ကိုလည်း ကြည့်မိပြန်၏။

ထို့နောက် . . .

ထို့နောက် . . .

ထို့နောက် . . .

ရွှေစင်သည် ဖခင်နှင့်မိခင်တို့အား . . .

"အဖေနဲ့အမေ"

ဟု ရွှေစင်ထံမှ ထွက်ပေါ်လာသည့်အခါ ဖခင်နှင့်မိခင်တို့ ကလည်း . . .

"သမီးလေး"

ဟု မိခင်အသံထွက်လာ၏။

ရွှေပဒေသာစာပေ



"ပြောလေသမီး . . . သမီး ဘာဖြစ်ချင်နေသလဲ"

ဟု ဖခင်က လမ်းကြောင်း‚ ဟပေးလိုက်လေ၏။ ရွှေစင် မျက်လုံးနှစ်လုံး စုံမှိတ်လိုက်ပြီးနောက် . . .

"သမီး . . . သီလရှင်ဘဝနဲ့ပျော်မွေ့တော့မယ်"

ဟု လွန်စွာမှခိုင်မာသောသံမဏိစကားဖြင့် ပြောလိုက်လေ တော့သတည်း။

လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေသော် . . .

အညိုကြီး
၁၁၁၁၈ တနင်္လာနေ့
နေ့လယ် (၁၄) နာရီ

www.burmeseclassic.com